မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

# ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများ
(၁.၄.၂၀၂၃ ရက်နေ့မှ ၃၀.၉.၂၀၂၃ ရက်နေ့အထိ)

V ADVISORY LIMITED
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
ဘဏ္ဍာရေးရှင်းတမ်းများနှင့် အခြားဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ

---

ဒါရိုက်တာအဖွဲ့ဝင်များ

| | |
|---|---|
| ဦးမင်းမင်း | ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ |
| ဦးတိုးအောင်မြင့် | ဒါရိုက်တာ |
| ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ဦးလှဦး | ဒါရိုက်တာ |
| ဦးထွန်းလွင် | ဒါရိုက်တာ |
| ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ဦးဇေယျာသူရမွန် | ဒါရိုက်တာ |
| ဒေါ်ခင်မာမြင့် | ဒါရိုက်တာ |
| ဦးအောင်အောင် | ဒါရိုက်တာ |
| ဦးအောင်စိုး | ဒါရိုက်တာ |
| ဦးငွေးချွန် | သီးခြားလွတ်လပ်သော ဒါရိုက်တာ |

ရုံးခန်းလိပ်စာ

အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စာရင်းစစ်

V Advisory Limited
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

မာတိကာ


| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်တင်ပြချက် | ၁ |
| ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သုံးသပ်ချက်အစီရင်ခံစာ | ၂-၃ |
| ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ကြားဖြတ်အကျဉ်းချုံး ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| ကြားဖြတ်အကျဉ်းချုံး အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှု ရှင်းတမ်း | ၆ |
| ကြားဖြတ်အကျဉ်းချုံး ငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ | ၈-၃၇ |
| နောက်ဆက်တွဲ ဇယားများ | ၃၈-၃၉ |

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အတွက်**
**စီမံအုပ်ချုပ်သူများ၏ တာဝန်တင်ပြချက်**

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ဘဏ်) ၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော ခြောက်လတာကာလအတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အချက်များပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ယင်းတာဝန်တွင်

- ဆီလျော်သောစာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်းကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်းတို့ ပါဝင်သည်။

ဘဏ်၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်တော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ဘဏ်၏ ရပိုင်ခွင့်များလုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၎င်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

ကုမ္ပဏီသည် ကြိုတင်သိမြင်နိုင်သောကာလအထိ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် လုံလောက်သော အရင်းအမြစ်များရှိနေကြောင်း၊ ကုမ္ပဏီ၏စီမံအုပ်ချုပ်သူများအနေဖြင့် ကျိုးကြောင်းဆီလျော်စွာမျှော်လင့်ထားကြောင်းနှင့် ဤအကြောင်းများကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို လုပ်ငန်းဆက်လက်လုပ်ကိုင်မည့် အခြေအနေဖြင့် လိုက်နာရေးဆွဲထားပါသည်။

**စီမံအုပ်ချုပ်သူများကိုယ်စား**

တိုးအောင်မြင့်
ဒါရိုက်တာ
ဒါရိုက်တာအဖွဲ့ကိုယ်စား
မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်စွဲ။ ။ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့
## ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သုံးသပ်ချက်အစီရင်ခံစာ

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောခြောက်လတာကာလအတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသောစာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများပါဝင်သည့် ကြားဖြတ် အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများကို ကြည့်ရှုသုံးသပ်ခဲ့ပြီး ဖြစ်ပါသည်။

### စီမံအုပ်ချုပ်သူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက် အုပ်ချုပ်မှုတာဝန်ရှိသူများ၏တာဝန်

စီမံခန့်ခွဲသူများမှလိုအပ်သည်ဟုသတ်မှတ်သည့်ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီရေးဆွဲရန်၊ သင့်လျော်မှန်ကန်စွာ ဖော်ပြရန်နှင့် မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုကင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲဖော်ပြနိုင်ရန်အတွက် လုပ်ငန်းတွင်းထိန်းချုပ်မှုထားရှိရန်တို့မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံအုပ်ချုပ်သူများသည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်းခြင်း သို့မဟုတ် လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုရာတွင် ဘဏ်၏ ရှေ့ဆက် လုပ်ကိုင်နိုင်မည့်စွမ်းရည်၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကိုဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ် မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ အုပ်ချုပ်မှုတာဝန်ရှိသူများသည် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သုံးသပ်ခြင်းအတွက် စာရင်းစစ်၏တာဝန်

ကျွန်တော်တို့၏တာဝန်မှာ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောရှုထောင့်အားလုံးကို သင့်တင့် လျောက်ပတ်စွာဖော်ပြထားခြင်းမရှိကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းအချက်မရှိကြောင်း တင်ပြရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံ သုံးသပ်ခြင်းဝန်ဆောင်မှုဆိုင်ရာ ၂၄၁၀ “ ကြားဖြတ်ဘဏ္ဍာရေးသတင်းအချက်အလက်များအား အဖွဲ့အစည်း၏ ပြင်ပ စာရင်းစစ်မှ သုံးသပ်ခြင်း” ( Review of Interim Financial Information Performed by the Independent Auditor of the Entity)” နှင့် အညီ ကြည့်ရှုသုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများ၏ ကြားဖြတ်အကျဉ်းချုံးကို ကြည့်ရှုသုံးသပ်ရာတွင် ခွဲခြမ်းစိတ်ဖြာသုံးသပ်သည့် နည်းလမ်းများ ကျင့်သုံးခြင်း၊ရရှိလာသည့် အထောက်အထားများကို စိစစ်အကဲဖြတ်ခြင်းနှင့် ဘဏ်ရှိတာဝန်ရှိသူများနှင့် အခြားသူများအား မေးမြန်းစုံစမ်းခြင်း အပါအဝင် အခြေခံကျသည့် နည်းလမ်းများကို ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းချုံးစစ်ဆေးချက်သည် မြန်မာနိုင်ငံစာရင်းစစ်စံနှုန်းများနှင့်အညီ စစ်ဆေးသည့်စာရင်းများ၏ အတိုင်းအတာထက် သိသိသာသာ နည်းပါးသောကြောင့် စာရင်းစစ်ဆေးရာတွင် ထုတ်ဖော်နိုင်သည့် သိသာထင်ရှားသော ကိစ္စရပ်အားလုံးကို ကျွန်တော်တို့ သိရှိလာမည်ကို အာမခံချက် မရရှိနိုင်ပါ။ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများအား စာရင်းစစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ခြင်းသည့် မဟုတ်သည့်အတွက် စာရင်းစစ် ထင်မြင်ချက်ကို ထုတ်ဖော်တင်ပြမည်မဟုတ်ပါ။

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

## သုံးသပ်ချက်

တင်ပြထားသည့်ဘဏ္ဍာရေးရှင်းတမ်းများကို ကျွန်ုပ်တို့၏ကြည့်ရှုသုံးသပ်မှုများအရ ပူးတွဲပါ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းသည် မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံဘဏ္ဍာရေးဆိုင်ရာစံ (MFRS) နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး အရေးပါသည့်အချက်များအားလုံးသည် သင့်လျော်မှန်ကန်စွာ ဖော်ပြထားခြင်း မရှိကြောင်း ယုံကြည်နိုင်လောက်သည့် သတိပြုစရာအကြောင်းအချက် မရှိကြောင်း တင်ပြအပ်ပါသည်။

## အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင်အစီရင်ခံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀ပါ ပြဋ္ဌာန်းချက်များနှင့်အညီ -

ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၏ ပုဒ်မ ၂၅၇(က) နှင့် ၂၅၈(က) တို့နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

မြတ်နိုးအောင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်အမှတ် ၁၉၆
V Advisory Limited
အခန်း ၄၀၆၊ အဆောင် ဘီ၊ 45 Complex ၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ( ၁၇ ) ရက်

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၅၇,၇၁၈,၂၆၃,၅၅၇ | ၁၁၂,၁၂၉,၉၂၃,၇၅၇ |
| ချေးငွေလက်ကျန် | ၇ | ၄၂၅,၆၅၅,၄၁၀,၂၇၅ | ၃၆၃,၉၅၈,၉၃၆,၇၈၉ |
| ရင်းနှီးမြုပ်နှံမှုများ | ၈ | ၁၄၄,၄၅၈,၈၆၈,၅၄၄ | ၁၃၃,၉၉၈,၈၃၇,၁၅၀ |
| အခြားရပိုင်ခွင့်များ | ၉ | ၄၈,၁၂၆,၁၉၆,၉၂၀ | ၂၀,၃၀၆,၈၀၄,၇၀၄ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၇,၉၆၁,၂၄၀,၂၃၄ | ၁၇,၄၅၅,၈၈၇,၇၈၃ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၇၃၆,၃၃၁,၄၂၁ | ၄,၀၀၃,၉၇၆,၃၇၇ |
| စုစုပေါင်းရရန်ပိုင်ခွင့်များ | | ၇၉၇,၆၅၆,၃၁၀,၉၅၁ | ၆၅၁,၈၅၄,၃၆၆,၅၆၀ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၆၄၄,၅၁၁,၅၀၃,၄၈၁ | ၅၂၄,၈၀၄,၂၃၆,၂၈၅ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၅၃,၂၂၆,၀၇၇,၅၁၄ | ၂၄,၇၆၈,၃၀၉,၄၇၄ |
| ချေးယူငွေများ | ၁၄ | ၂၈,၀၉၃,၀၀၀,၀၀၀ | ၂၉,၇၇၄,၈၅၀,၀၀၀ |
| စုစုပေါင်းပေးရန်တာဝန်များ | | ၇၂၅,၈၃၀,၅၈၀,၉၉၅ | ၅၇၉,၃၄၇,၃၉၅,၇၅၈ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၄,၉၀၆,၈၀၇,၉၈၂ | ၁၄,၉၀၆,၈၀၇,၉၈၂ |
| အမြတ်လက်ကျန် | | (၂၀၅,၇၄၀,၈၂၆) | ၄၇၅,၅၀၀,၀၂၀ |
| စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့် | | ၇၁,၈၂၅,၇၂၉,၉၅၆ | ၇၂,၅၀၆,၉၇၀,၈၀၂ |
| စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ | | ၇၉၇,၆၅၆,၃၁၀,၉၅၁ | ၆၅၁,၈၅၄,၃၆၆,၅၆၀ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win

KHIN CHAW SU WIN
CHIEF FINANCIAL OFFICER
MYANMAR CITIZENS BANK LTD.

TOE AUNG MYINT
Director (Board of Directors)
Myanmar Citizens Bank Ltd.

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ မြန်မာကျပ် | ၂၀၂၂-၂၀၂၃ မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၂၄,၁၈၃,၄၁၅,၈၈၉ | ၄၃,၆၃၀,၄၉၀,၂၇၂ |
| အတိုးစရိတ် | ၁၈ | (၁၈,၁၈၁,၁၄၃,၁၂၄) | (၂၉,၀၉၉,၃၄၈,၂၂၀) |
| **အသားတင် အတိုးဝင်ငွေ** | | ၆,၀၀၂,၂၇၂,၇၆၅ | ၁၄,၅၃၁,၁၄၂,၀၅၂ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၄,၀၁၃,၇၈၀,၂၇၄ | ၄,၂၈၉,၄၈၀,၇၇၁ |
| အခြားဝင်ငွေ | ၂၀ | ၃၁၈,၀၈၀,၆၉၈ | (၂,၇၉၄,၈၅၃,၄၇၀) |
| | | ၁၀,၃၃၄,၁၃၃,၇၃၇ | ၁၆,၀၂၅,၇၆၉,၃၅၃ |
| သီးသန့်ကြွေးဆုံးလျာထားငွေ | | ၃၇၂,၄၁၈,၆၄၂ | ၄,၆၃၃,၁၄၅,၁၀၁ |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | (၁,၂၂၆,၄၈၁,၀၉၇) | (၂,၈၇၅,၃၉၀,၆၉၁) |
| **စုစုပေါင်းဝင်ငွေ** | | ၉,၄၈၀,၀၇၁,၂၈၂ | ၁၇,၇၈၃,၅၂၃,၇၆၃ |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၁, ၂၂ | (၉,၀၄၅,၁၈၆,၆၅၂) | (၁၅,၀၂၈,၄၈၈,၁၅၇) |
| တန်ဖိုးလျော့ | ၁၀,၁၁ | (၁,၁၁၀,၆၆၂,၄၄၅) | (၂,၀၃၀,၈၄၅,၈၇၅) |
| **အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး)** | | (၆၇၅,၇၇၇,၈၁၅) | ၇၂၄,၁၈၉,၇၃၁ |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၅,၄၆၃,၀၃၁) | ၇၂၇,၄၃၇,၇၄၁ |
| **အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး)** | | (၆၈၁,၂၄၀,၈၄၆) | ၁,၄၅၁,၆၂၇,၄၇၂ |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | (၆၈၁,၂၄၀,၈၄၆) | ၁,၄၅၁,၆၂၇,၄၇၂ |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ/(အရှုံး)နှင့် လျော့နည်းဖွယ်ရှိသော ဝင်ငွေ/(အရှုံး) | ၂၄ | - | ၁၄၀ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။
ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win
KHIN CHAW SU WIN
CHIEF FINANCIAL OFFICER
MYANMAR CITIZENS BANK LTD.

TOE AUNG MYINT
Director (Board of Directors)
Myanmar Citizens Bank Ltd.

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်

ကြားဖြတ်အကျဉ်းချုံး အစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်း

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| **၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ** | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၄-၂၀၂၃) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၂ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၂ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | - | - | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | (၆၈၁,၂၄၀,၈၄၆) | (၆၈၁,၂၄၀,၈၄၆) |
| စာရင်းပိတ်လက်ကျန်(၃၀-၉-၂၀၂၃) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ | (၂၀၅,၇၄၀,၈၂၆) | ၇၁,၈၂၅,၇၂၉,၉၅၆ |
| **၂၀၂၂ - ၂၀၂၃** | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၄-၂၀၂၂) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ | (၆၁၃,၂၂၀,၅၈၄) | ၇၁,၀၅၅,၃၄၃,၃၂၉ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ | (၆၁၃,၂၂၀,၅၈၄) | ၇၁,၀၅၅,၃၄၃,၃၂၉ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၃၆၂,၉၀၆,၈၆၈ | (၃၆၂,၉၀၆,၈၆၈) | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၁,၄၅၁,၆၂၇,၄၇၂ | ၁,၄၅၁,၆၂၇,၄၇၂ |
| စာရင်းပိတ်လက်ကျန်(၃၁-၃-၂၀၂၃) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၂ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက် ကြားဖြတ်အကျဉ်းချုံး ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၄ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ<br>မြန်မာကျပ် | ၂၀၂၃-၂၀၂၄<br>မြန်မာကျပ် |
|---|---|---|---|
| **၁။ လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | | (၆၇၅,၇၇၇,၈၁၅) | ၇၂၄,၁၈၉,၇၃၁ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၁၀ | ၇၉၄,၀၃၂,၂၅၀ | ၁,၄၄၁,၈၅၅,၇၁၆ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းတန်ဖိုးလျော့ | ၁၁ | ၃၁၆,၆၃၀,၁၉၅ | ၅၈၈,၉၉၀,၁၅၉ |
| လျာထားချက် | | ၁,၁၅၄,၀၆၂,၄၅၅ | (၁,၄၂၇,၄၇၇,၃၇၃) |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ (အမြတ်)/အရှုံး | | (၅၄,၆၃၀,၃၁၂) | (၁၇၂,၉၄၁,၃၂၈) |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၁,၈၆၈,၁၂၉ | ၃၈,၁၆၂,၈၉၅ |
| အခြားစာရင်းပယ်ဖျက်မှု | | ၅၈၆,၇၃၀ | |
| လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင် လုပ်ငန်း အမြတ်/(အရှုံး) | | ၁,၅၃၆,၇၇၁,၆၃၂ | ၁,၁၉၂,၇၇၉,၈၀၀ |
| လက်ငင်းရပိုင်ခွင့်ပေးရန်တာဝန်အတိုး/အလျော့ | | | |
| ချေးငွေလက်ကျန် | | (၆၁,၃၂၄,၀၅၄,၈၄၄) | (၁၄၃,၉၅၂,၀၀၄,၅၉၁) |
| အခြားရပိုင်ခွင့်များ | | (၂၇,၈၁၈,၉၉၂,၂၁၆) | ၂,၇၂၅,၈၂၇,၁၉၄ |
| အပ်ငွေစာရင်း | | ၁၁၉,၇၀၇,၂၆၇,၁၉၆ | ၃၀,၁၈၆,၄၅၇,၈၂၀ |
| အခြားပေးရန်တာဝန်များ | | ၂၆,၉၂၅,၈၂၃,၉၁၂ | (၃,၃၇၂,၃၈၉,၅၈၃) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | ၅၉,၀၂၆,၈၁၅,၆၈၁ | (၁၁၃,၂၁၉,၃၂၉,၃၆၀) |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၄၀၀,၀၀၀) | (၅၀၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | ၅၉,၀၂၆,၄၁၅,၆၈၁ | (၁၁၃,၂၁၉,၈၂၉,၃၆၀) |
| **၂။ ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ငွေတိုက်စာချုပ် နှင့် အခြားရင်းနှီးမြုပ်နှံမှုများ(ဝယ်ယူမှု)/ရောင်းချမှု | | (၁၀,၄၆၀,၀၃၁,၃၉၅) | ၁၀၀,၈၃၂,၂၈၈,၉၇၈ |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၆၀,၀၀၀,၀၀၀ | ၁၈၀,၈၇၁,၈၃၁ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၁,၃၀၇,၂၀၉,၂၄၇) | (၂,၂၂၇,၀၃၂,၁၇၉) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၄၈,၉၈၅,၂၃၉) | (၆၄၁,၁၈၈,၉၇၂) |
| ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု/ (အသုံးပြုမှု) | | (၁၁,၇၅၆,၂၂၅,၈၈၁) | ၉၈,၁၄၄,၉၃၉,၆၅၈ |
| **၃။ ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ချေးငွေရယူခြင်း/(ချေးငွေပြန်လည်ပေးဆပ်ခြင်း) | | (၁,၆၈၁,၈၅၀,၀၀၀) | (၄,၅၄၀,၅၅၀,၀၀၀) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | (၁,၆၈၁,၈၅၀,၀၀၀) | (၄,၅၄၀,၅၅၀,၀၀၀) |
| ငွေသားအသားတင် အတိုး/(အလျော့) | | ၄၅,၅၈၈,၃၃၉,၈၀၀ | (၁၉,၆၁၅,၄၃၉,၇၀၃) |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၁၂,၁၂၉,၉၂၃,၇၅၇ | ၁၃၁,၇၄၅,၃၆၃,၄၆၀ |
| စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၅၇,၇၁၈,၂၆၃,၅၅၇ | ၁၁၂,၁၂၉,၉၂၃,၇၅၇ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

## ၁။ အထွေထွေ

မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ("ဘဏ်") သည် မြန်မာနိုင်ငံတွင် အခြေစိုက်ပြီး ဘဏ်၏ မှတ်ပုံတင် ရုံးလိပ်စာသည် အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တည်ရှိပါသည်။ ဘဏ်ကို အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီ အဖြစ် ၃၀.၁၀.၁၉၉၁ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၂၇၄/၁၉၉၁-၁၉၉၂ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့် အထူးကုမ္ပဏီအက် ၁၉၅၀ တို့အရ ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး မှတ်ပုံတင်လက်မှတ် အသစ် ၁၄၉၁၆၉၄၆၆ ကို ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်အသစ် မဗဘ/ ပဘ(ဒ)-၀၁/၀၈/၂၀၁၆ ကို မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေ ၂၀၁၆၊ ပုဒ်မ ၁၇၆ အရ ကူးသန်း ရောင်းဝယ်ရေးဘဏ် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် အဓိကစီးပွားရေး လုပ်ဆောင်ချက်များမှာ အပ်ငွေများလက်ခံခြင်း၊ ချေးငွေနှင့်ကြိုတင်ငွေများထုတ်ချေးခြင်း၊ ကုန်သည်ဝန်ဆောင်မှုပေးခြင်း၊ ကုန်သွယ်မှုဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံခြားငွေရောင်းဝယ်ခြင်းနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းတို့ ပါဝင်ပါသည်။

## ၂။ စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမှု

ဘဏ်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကုန်ဆုံးသောကာလအတွက် ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေး ရှင်းတမ်းများကို ကြားဖြတ်ဘဏ္ဍာရေးအစီရင်ခံခြင်း (မြန်မာနိုင်ငံ စာရင်းကိုင်ဆိုင်ရာစံ ၃၄)၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ပြုစုတင်ပြထား ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့် ကုန်ကျစရိတ်များအပေါ် အခြေခံ၍ ပြုစုရေးဆွဲထားပါသည်။ ယခုနှစ် ကျင့်သုံးနေသောစာရင်းဆိုင်ရာမူဝါဒများသည် ယခင်နှစ်တွင် ကျင့်သုံးခဲ့သော မူဝါဒများအတိုင်းဖြစ်ပြီး ပြောင်းလဲမှု မရှိပါ။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်

### ၃-၁။ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးနှင့် အစီရင်ခံစာတွင် ဖော်ပြသည့်ငွေကြေး

ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ဖြင့် တင်ပြထားပါသည်။ မြန်မာကျပ်သည် ဘဏ်၏ လုပ်ငန်း ဆောင်ရွက်သည့် ငွေကြေးလည်း ဖြစ်ပါသည်။

### ၃-၂။ နိုင်ငံခြားငွေဖလှယ်မှုများ

ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးမဟုတ်သည့် နိုင်ငံခြားငွေကြေးများကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့ရှိ ငွေလဲလှယ်နှုန်းများ ကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးအဖြစ် ဖလှယ်ပြီးရေးသွင်းပါသည်။ အစီရင်ခံသည့် နေ့တွင် နိုင်ငံခြားငွေကြေးများဖြင့် တည်ရှိသည့် ငွေကြေးဆိုင်ရာရပိုင်ခွင့်များကို ၎င်းနေ့ရှိ ငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲ တန်ဖိုးသင့်ပြီးဖော်ပြပါသည်။ နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့်ရပိုင်ခွင့်များကို သင့်တင့်သော တန်ဖိုး သတ်မှတ်သောနေ့ရှိ ငွေလဲလှယ်နှုန်းအတိုင်း တန်ဖိုးသင့်၍ ဖော်ပြပါသည်။ ပြီးခဲ့သည့်ဖြစ်ရပ်အပေါ်အခြေခံ၍ တွက်ချက်ထားသော နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့်ရပိုင်ခွင့်များကို တန်ဖိုးပြောင်းလဲခြင်း မပြုပါ။ ငွေကြေးဆိုင်ရာကိစ္စရပ်များကို ပေးချေခြင်းနှင့် ငွေကြေးဆိုင်ရာရပိုင်ခွင့်များ တန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖလှယ်မှုခြားနားချက်ကို အဆိုပါ ကာလအတွက် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

## ၃-၂။ နိုင်ငံခြားငွေဖလှယ်မှုများ (အဆက်)

ဘဏ်မှအသုံးပြုသည့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန် အစီရင်ခံသည့်ရက်နေ့ရှိ ငွေလဲနှုန်းများမှာ -

| | USD/MMK | EUR/MMK | SGD/MMK | CYN/MMK | THB/ MMK |
|---|---|---|---|---|---|
| ၃၀.၉.၂၀၂၃ | ၂,၁၀၃.၀၀ | ၂,၂၁၃.၄၀ | ၁,၅၃၃.၀၀ | ၂၈၇.၄၃ | ၅၇.၁၄ |
| ၃၁.၃.၂၀၂၃ | ၂,၁၀၃.၀၀ | ၂,၂၈၁.၂၀ | ၁,၅၈၀.၅၀ | ၃၀၅.၁၁ | ၆၁.၃၃ |

## ၃-၃။ အတိုးရငွေနှင့် အတိုးစရိတ်

လျှော့ချထားသောကုန်ကျစရိတ်ဖြင့် တိုင်းတာသည့် ငွေရေးကြေးရေးစာချုပ်စာတမ်းများအားလုံးနှင့် ရောင်းချရန် ကိုင်ဆောင်ထား သည့် သို့မဟုတ် ရောင်းရန်အသင့်ရှိသည့် ဘဏ္ဍာရေးရပိုင်ခွင့်များအတွက် အတိုးများကို အရှုံးအမြတ်စာရင်းရှိ "အတိုးဝင်ငွေ" နှင့် "အတိုးကုန်ကျစရိတ်" ခေါင်းစဉ်များအောက်တွင် effective interest method ဖြင့် စာရင်း ထည့်သွင်းပါသည်။ Effective interest method ဆိုသည်မှာ ဘဏ္ဍာရေး ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ လျှော့ချထားသော ကုန်ကျစရိတ်ကို တွက်ချက်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး အတိုးရငွေများနှင့် အတိုးကုန်ကျစရိတ်များကို သက်ဆိုင်ရာကာလတလျှောက် အညီအမျှခွဲဝေ စာရင်းထည့် သွင်းခြင်း ဖြစ်ပါသည်။ Effective interest rate ဆိုသည်မှာ ငွေရေးကြေးရေးစာချုပ်စာတမ်းများ၏ ခန့်မှန်းသက်တမ်း သို့မဟုတ် ပိုနည်းသော ကာလတလျောက် ခန့်မှန်းအနာဂတ်ငွေပေးချေမှု သို့မဟုတ် ငွေလက်ခံမှုများကို ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ အသားတင်သယ်ဆောင်သည့်တန်ဖိုးသို့ တိကျတူညီစွာ လျှော့ချသည့် အတိုးနှုန်းထား ဖြစ်ပါသည်။ တွက်ချက်မှုများတွင် ငွေရေးကြေးရေး စာချုပ်စာတမ်းများ၏ စာချုပ်စာတမ်းပါ အချက်အလက်များအားလုံးကို ထည့်သွင်း စဉ်းစား ထားပါသည်။ သို့သော် အနာဂတ်ချေးငွေဆုံးရှုံးမှုများကို ထည့်သွင်း စဉ်းစားခြင်း မရှိပါ။ Effective interest rate နှင့် သက်ဆိုင်နေသော မြင်သာသည့် ဝန်ဆောင်မှုအခကြေးငွေ၊ လုပ်ဆောင်မှုစရိတ်များ နှင့်အတူ ပရီမီယံကြေးများ၊ လျှော့ငွေများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ တန်ဖိုးကျဆင်းမှုကြောင့်ဆုံးရှုံးမှုအတွက် ပယ်ဖျက်ခဲ့သည့် တန်ဖိုးလျှော့ချပြီးသော ဘဏ္ဍာရေးရပိုင်ခွင့်များအပေါ် အတိုးဝင်ငွေများကို တန်ဖိုးကျဆင်းမှုကြောင့်ဆုံးရှုံးမှုများကို တိုင်းတာသည့်အနေဖြင့် အနာဂတ် ငွေသားစီးဆင်းမှုကို လျှော့ချရန် အသုံးပြုခဲ့သော အတိုးနှုန်းကို သုံးစွဲဖော်ပြပါသည်။

## ၃-၄။ ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများ

ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများကို ယေဘုယျအားဖြင့် ဝန်ဆောင်မှု ရရှိသည့်အချိန်၌ စာရင်းထည့်သွင်းပါသည်။

## ၃-၅။ အမြတ်ဝေစုရငွေ (Dividend Income)

အမြတ်ဝေစုရငွေကို ပေးချေမှုများ ရပိုင်ခွင့်ရှိသည်ဟု အကျိုးအကြောင်း ခိုင်မာသည့်အချိန်၌ စာရင်းထည့်သွင်းပါသည်။

## ၃-၆။ အခြားရငွေ(Other Income)

အခြားရငွေတွင် နိုင်ငံခြားငွေလဲလှယ်မှုများမှ ရရှိလာသော အရှုံးအမြတ်များ၊ အာမခံထားခြင်းအပေါ် ကော်မရှင်ခရငွေနှင့် ပစ္စည်း အဟောင်းများ ရောင်းချခြင်းမှရရှိသော ဝင်ငွေများပါဝင်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

## ၃-၇။ ဝန်ထမ်းအကျိုးခံစားခွင့်များ

### အပိုဆုကြေး

ဘဏ်သည် ဘဏ်၏ အစုရှယ်ယာဝင်များသို့ ခွဲဝေပေးသော အမြတ်များနှင့် အချို့စာရင်းညှိနှိုင်းချက်များ လုပ်ဆောင်ပြီးနောက် ဘဏ်၏ စီမံအုပ်ချုပ်သူများမှ အတည်ပြုသည့် တွက်နည်းကိုအခြေခံ၍ အပိုဆုကြေးကို တွက်ချက်ပြီး ပေးရန်တာဝန်နှင့် အသုံးစရိတ် စာရင်းများသို့ ထည့်သွင်းတင်ပြပါသည်။ ဘဏ်သည် စာချုပ်စာတမ်းအရ ပေးရန်တာဝန်ရှိသောအခါ သို့မဟုတ် ယခင် အလေ့အထများကြောင့် သဘောတရားအရ ပေးရန်တာဝန်ရှိသောအခါ လျာထားချက်များ ပြုလုပ်ပါသည်။

## ၃-၈။ ဝင်ငွေခွန်

### လက်ငင်းအခွန်စရိတ်

လက်ငင်းအခွန်သည် နှစ်အတွင်းရရှိသည့် ဝင်ငွေခွန်ကျသင့်သည့်အမြတ်အပေါ် အစီရင်ခံသည့်နေ့တွင် (သိသာစွာ) ပြဋ္ဌာန်းထားသည့် အခွန်နှုန်းထားဖြင့် တွက်ချက်ပါသည်။

### လက်ငင်းအခွန်ရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များ

လက်ရှိနှစ်နှင့်ယခင်နှစ်များအတွက် လက်ငင်းအခွန်စရိတ်ကို ပေးချေမှုမပြုသေးသည့်ပမာဏအထိ ပေးရန်တာဝန်အဖြစ် တင်ပြပြီး ကျသင့်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခဲ့သည့်ပမာဏအထိ လက်ငင်းအခွန်ရပိုင်ခွင့်အဖြစ် တင်ပြပါသည်။ ယခင်နှစ် တခုခုတွင် ပေါ်ပေါက်ခဲ့သော အရှုံးဆက်လက်သယ်ဆောင်ခုနှိမ်ခွင့်ကြောင့် ရရှိသည့်အခွင့်အရေးကိုလည်း လက်ငင်းအခွန်ရပိုင်ခွင့်တွင်တင်ပြထားပါသည်။ လက်ငင်းအခွန်ရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များကို အခွန်အာဏာပိုင်များ ထံမှ ပြန်လည်ရရှိမည် သို့မဟုတ် ၎င်းတို့ထံသို့ ပေးရမည်ဟု မျှော်မှန်းသော ပမာဏဖြင့် တွက်ချက်ထားပါသည်။

### ရွှေ့ဆိုင်းအခွန်

ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ကနဦးစာရင်းထည့်သွင်းချိန်တွင်ဖြစ်ပေါ်သည့် ကွာခြားမှုမှတပါး ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို အခွန်အခြေခံဖြင့် တွက်ချက်ရရှိထားသည်များနှင့် ဘဏ္ဍာရေးရှင်းတမ်းပါ သယ်ယူပမာဏများ အကြား ယာယီကွာခြားမှုများရှိသည့်အခါ ရွှေ့ဆိုင်းအခွန်အဖြစ် စာရင်းထည့်သွင်းပါသည်။ ဘဏ္ဍာရေးကာလ ကုန်ဆုံးသော အစီရင်ခံသည့်နေ့ သို့မဟုတ် ၎င်းနောက်ပိုင်း ပြဋ္ဌာန်းသည့်အခွန်နှုန်းများဖြင့် တွက်ချက်ပါသည်။

အစုရှင်များ၏ရင်းနှီးငွေသို့ တိုက်ရိုက်ရေးသွင်းသည်များမှလွဲ၍ လက်ငင်းနှင့်ရွှေ့ဆိုင်းအခွန်များကို အရှုံးအမြတ်စာရင်းတွင် စာရင်းထည့်သွင်းဖော်ပြပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ

(က)ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု

ဘဏ္ဍာရေးစာချုပ်စာတမ်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားပါသည်။

(၁) အရှုံးအမြတ်စာရင်းမှတဆင့် သင့်တင့်သောတန်ဖိုးဖြင့် ဖော်ပြသည့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ

ကာလတိုအတွင်း ရောင်းရန် သို့မဟုတ် ပြန်ဝယ်ရန်အတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ ပါဝင်ပါသည်။ အဆိုပါစာချုပ်စာတမ်းများအား ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းပြီး ရောင်းဝယ်ခြင်းကုန်ကျစရိတ်များကို အရှုံးအမြတ်စာရင်းတွင် တိုက်ရိုက်ကျခံပါသည်။ သင့်တင့်သောတန်ဖိုးပြောင်းလဲမှုများနှင့် အမြတ်ဝေစုရငွေများအား အရှုံးအမြတ်စာရင်းတွင် "ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများပေါ် အသားတင်အမြတ်/အရှုံး"ခေါင်းစဉ်ဖြင့် စာရင်းထည့်သွင်းပါသည်။ ၎င်းတို့နှင့် ပတ်သက်၍ အတိုးဝင်ငွေများရရှိလျှင် အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းပါသည်။ ပုံမှန်ရောင်းချခြင်း၊ ဝယ်ယူခြင်းအား အရောင်းအဝယ် ပြုလုပ်သောနေ့တွင် စာရင်းထည့်သွင်းပါသည်။

(၂) ချေးငွေများနှင့်ရရန်ရှိများ

ချေးငွေများနှင့်ရရန်ရှိများ ဆိုသည်မှာ ရောင်းချနိုင်သော ဈေးကွက်မရှိသည့် ပုံသေ သို့မဟုတ် ဆုံးဖြတ်ထားသော တန်ဖိုးပါဝင်သော Non-derivative financial assets များကို ဆိုလိုသည်။ ဤခေါင်းစဉ်အောက်တွင် ဘဏ်များရှိ ငွေများ၊ ငွေလက်ကျန်များ၊ ချေးငွေများနှင့် ကြိုတင်ပေးငွေများ ပါဝင်သည်။ (၁၂) လကျော် နောက်ပိုင်း ပြန်လည်ရရှိမည့်ရပိုင်ခွင့်များမှအပ ၎င်းတို့အား လက်ငင်းရပိုင်ခွင့်များအဖြစ် သတ်မှတ်ဖော်ပြပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သော စရိတ်များအပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းတွင် Effective Interest Method ဖြင့် တန်ဖိုးလျော့ပြီး စာရင်းထည့်သွင်း ဖော်ပြပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသောအတိုးဝင်ငွေများကို "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့် အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ တန်ဖိုးလျော့ကျမှုများရှိပါကလည်း အရှုံးအမြတ်စာရင်းတွင် "တန်ဖိုးလျော့ကျမှုစရိတ်" ခေါင်းစဉ်ဖြင့် ဖော်ပြပါသည်။

(၃) Held to maturity

အကျိုးဖြစ်ထွန်းမည်ဟု ယူဆထားပြီး သတ်မှတ်ဖော်ပြထားသော သက်တမ်းစေ့ရောက်သည့်အချိန်ထိ ကိုင်ဆောင် ထားမည် ဟု စီမံခန့်ခွဲသူများမှ ရည်ရွယ်ထားသော ပုံသေ သို့မဟုတ် ဆုံးဖြတ်ထားသောတန်ဖိုးဖြင့် ကိုင်ဆောင် ထားသော ရပိုင်ခွင့်များကို ဆိုလိုပါသည်။ အရေးမပါသောပမာဏမှလွဲ၍ ပြန်လည်ရောင်းချမည်ဟု ဆုံးဖြတ်သော အချိန်မှစတင်ကာ Available for sale အဖြစ် ပြောင်းလဲသတ်မှတ်ပါသည်။ (၁၂)လ အတွင်း သက်တမ်းစေ့ရောက်ပါက လက်ငင်းရပိုင်ခွင့်များ အဖြစ်သတ်မှတ်ပြီး (၁၂)လအထက်ဖြစ်ပါက လက်ငင်း မဟုတ်သည့် ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သောစရိတ်များ အပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းတွင် Effective interest method ဖြင့် စာရင်း ရေးသွင်းပါသည်။ အတိုးဝင်ငွေများနှင့်ပတ်သက်၍ "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း တန်ဖိုးကျဆင်းမှုများ ရှိလာပါက "တန်ဖိုးကျဆင်းမှု စရိတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

(က)ကနဦး စာရင်း ရေးသွင်းခြင်းနှင့် နောက်ဆက်တွဲ တိုင်းတာမှု

(၄) Available for sale

အထက်ဖော်ပြပါအမျိုးအစား (၃) မျိုးနှင့် မသက်ဆိုင်သောရပိုင်ခွင့်များကို Available for sale အဖြစ် သတ်မှတ်ပါသည်။

ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းရေးသွင်းပါသည်။ အဆိုပါ သင့်တင့်သောတန်ဖိုး ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောအရှုံးအမြတ်များအား အခြားအလုံးစုံဝင်ငွေအောက်တွင် ဖော်ပြပါသည်။ သို့ရာတွင် တန်ဖိုးကျဆင်းမှုများ၊ ငွေရေးကြေးရေးစာချုပ်စာတမ်းများနှင့်သက်ဆိုင်သော နိုင်ငံခြားငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရှုံးအမြတ်များနှင့် effective interest method ဖြင့်တွက်ချက်ထားသော အတိုးစရိတ်များကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ ၎င်းတို့အား စာရင်းမှ ထုတ်ပယ်သောအခါ မူလက အခြားအလုံးစုံဝင်ငွေအောက်တွင် ရေးသွင်းခဲ့သော စုစုပေါင်းအရှုံးအမြတ်အား အစုရှင်များ၏ ပိုင်ဆိုင်မှုမှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်းထည့်သွင်းပါသည်။ Effective interest method ဖြင့် တွက်ချက်၍ ရရှိလာသော အတိုးများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသော အမြတ်ဝေစုများကိုမူ အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

Available for sale အဖြစ်သတ်မှတ်ထားသော ဘဏ္ဍာရေးရပိုင်ခွင့်များတွင် unquoted share များ ပါဝင်ပါသည်။ သင့်တင့်သောတန်ဖိုး သေချာစွာတိုင်းတာရန်ခက်ခဲသော အဆိုပါ unquoted share များကို တန်ဖိုးကျဆင်းမှုများ နုတ်ပယ်ပြီး ကျန်ရှိသည့် မူရင်းဝယ်ဈေးဖြင့် ဖော်ပြပါသည်။

စာရင်းကာလပြီးဆုံးပြီး (၁၂)လအတွင်း ပြန်လည်ရရှိမည်ဟု မမျှော်မှန်းပါက အဆိုပါ Available for sale ဘဏ္ဍာရေးရပိုင်ခွင့်များအား လက်ငင်းမဟုတ်သော ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။

(၅) Other Non-derivative Financial Liabilities

Other Non-derivative Financial Liabilities တို့အား ကနဦးတွင် တိုက်ရိုက်ပတ်သက်နေသော ကုန်ကျစရိတ်များ နုတ်ပယ်၍ သင့်တင့်သောတန်ဖိုး အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။ နောက်ပိုင်းကာလများတွင် Amortized cost method ဖြင့် တိုင်းတာ ဖော်ပြပါသည်။ ဘဏ်တွင် သင့်တင့်သောတန်ဖိုးကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည့် ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ မရှိပါ။ Amortized cost ဖြင့် သတ်မှတ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များတွင် အများပြည်သူများ၏ အပ်နှံငွေများနှင့် ဘဏ်များမှ အပ်နှံငွေများနှင့် အခြားချေးယူငွေများ ပါဝင်ပါသည်။

(ခ) စာရင်းရေးသွင်းခြင်းနှင့် စာရင်းမှ ထုတ်ပယ်ခြင်း

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ၎င်းတို့အား စတင်ဖြစ်ပေါ်ချိန်၌ရှိသော သင့်တင့်သော တန်ဖိုးဖြင့် တိုင်းတာ၍ စာရင်းရေးသွင်းပါသည်။ ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပတ်သက်၍ ၎င်းရပိုင်ခွင့် ကုန်ဆုံးသောအချိန်သို့မဟုတ် ၎င်းရပိုင်ခွင့်အား အခြားသူများထံသို့ အလုံးစုံလွှဲပြောင်းသောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များကိုမူ ပျက်ပြယ်သောအခါ သို့မဟုတ် သက်တမ်းကျော်လွန်သောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၉။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)

(ဂ) ဘဏ္ဍာရေးရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ခုနှိမ်ဖော်ပြခြင်း

ဥပဒေအရ ခုနှိမ်ခွင့်ရှိခဲ့လျှင်သော်လည်းကောင်း အသားတင်ကိုသာ စာရင်းရှင်းရန် ရည်ရွယ်ချက် သို့မဟုတ် ရပိုင်ခွင့်များထုတ်ယူချိန်နှင့် ပေးရန်တာဝန်များပေးချေရမည့်အချိန် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုခုနှိမ်ပြီး အသားတင်ပမာဏကိုသာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြပါသည်။ Master netting agreement နှင့် ပတ်သက်နေသော ဘဏ္ဍာရေး စာချုပ်စာတမ်းများကိုမူ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စုစုပေါင်းအခြေခံဖြင့် ဖော်ပြပါသည်။

(ဃ) သင့်တင်သောတန်ဖိုးကို ဆုံးဖြတ်ခြင်း

ဘဏ္ဍာရေးစာချုပ်စာတမ်းများအားလုံးကို ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းပါသည်။ ကနဦးရှိ သင့်တင့်သောတန်ဖိုးဆိုသည်မှာ ယေဘုယျအားဖြင့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ အရောင်းအဝယ်ဖြစ်သော အချိန်တွင် ပေးလိုက်ရသော သို့မဟုတ် ရရှိလိုက်သောအဖိုးစားနားဖြစ်သည်။ နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံတွင် လက်ခံကျင့်သုံးနေသော တန်ဖိုးသင့်သည့်နည်းလမ်းများအတိုင်း သင့်တင့်သောတန်ဖိုးကို သတ်မှတ်ပါသည်။

သင့်တင့်သောတန်ဖိုးမသတ်မှတ်နိုင်သော unquoted equity များကိုမူ ၎င်းတို့၏ မူရင်းတန်ဖိုးနှင့် အစီရင်ခံသော နေ့ရှိ တန်ဖိုးလျော့ကျမှုတို့အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု

(က)ချေးငွေနှင့် ကြိုတင်ပေးငွေများ

ဘဏ်၏ ချေးငွေနှင့် ကြိုတင်ပေးငွေများကို အောက်ပါစံချိန်စံညွှန်းများတစ်ခုခုနှင့် ကိုက်ညီသောအခါ တန်ဖိုးလျော့ကျမှုအဖြစ် သတ်မှတ်ပါသည်။

<u>တစ်ခုစီအကဲဖြတ်ခြင်း</u>

(၁) ချေးငွေ သို့မဟုတ် အတိုး သို့မဟုတ် နှစ်ခုစလုံးအား ပေးချေရန်စေ့ရောက်ပြီး ရက်ပေါင်း (၉၀) နှင့်အထက် ပျက်ကွက်ခြင်း

(၂) စာရင်းပိုထုတ်ချေးငွေ ပုံစံဖြင့် ငွေချေးထားပြီးရရန်ရှိသောပမာဏသည် ခွင့်ပြုထားသောပမာဏထက် ရက်ပေါင်း (၉၀) နှင့် အထက်ကျော်လွန်ခြင်း

(၃) ရရန်ရှိသောပမာဏသည် ခွင့်ပြုထားသောပမာဏထက် ရက်ပေါင်း (၉၀) မကျော်လွန်သော်လည်း သိသာ ထင်ရှားသော Credit Weakness များဖြစ်ပေါ်နေခြင်း ချေးငွေကို တန်ဖိုးလျော့ကျမှုဖြစ်မဖြစ် ဆုံးဖြတ်ရန် အတွက် ဘဏ်သည် ဘဏ္ဍာရေးအစီရင်ခံသောနေ့၌ တန်ဖိုးလျော့ကျနိုင်ကြောင်း အထောက်အထားများ ရှိမရှိ သုံးသပ်ပါသည်။ ထိုသို့သော -

အထောက်အထားများရှိပါက ချေးငွေအား တန်ဖိုးလျော့ကျနေသည့်ချေးငွေအဖြစ် သတ်မှတ်ပြီး အဆိုပါ တန်ဖိုးလျော့ကျမှုပမာဏ အား စာရင်းသွင်းပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

(က) ချေးငွေနှင့် ကြိုတင်ပေးငွေများ (အဆက်)

<u>တစ်ခုစီအကဲဖြတ်ခြင်း</u> (အဆက်)

ချေးငွေများ တန်ဖိုးလျော့ကျနေသည်ဟု ဖော်ပြနေသော အထောက်အထားများတွင် အောက်ပါတို့ ပါဝင်ပါသည်။

(၁) ငွေချေးယူသူသည် သိသာစွာ ဘဏ္ဍာရေး အခြေအနေ အခက်အခဲ ဖြစ်ပေါ်နေခြင်း

(၂) စာချုပ်ပါ သဘောတူညီချက်များအား ချိုးဖောက်ခြင်း၊ လိုက်နာရန် ပျက်ကွက်နေခြင်း

(၃) ငွေချေးယူသူသည် လူမွဲစာရင်းခံယူရန် အလားအလာ ရှိနေခြင်း

(၄) ငွေချေးယူသူ၏ စီးပွားရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်သည့် အခြေအနေ မရှိခြင်း

(၅) ငွေချေးယူသူများ၏ ပြန်လည်ပေးသွင်းနိုင်မည့် အခြေအနေများကို ထိခိုက်စေနိုင်သည့် သတင်းများ သို့မဟုတ် စီးပွားရေး အခြေအနေများ ပြည်တွင်းတွင် ဖြစ်ပေါ်လာခြင်း

ဘဏ်သည် ချေးငွေအားလုံးအတွက် တန်ဖိုးလျော့ကျမှု ဖြစ်စေနိုင်သည့် အထောက်အထားများ ရှိမရှိ သိနိုင်ရန် ချေးငွေတစ်ခုချင်းစီအား ပထမဦးစွာ သုံးသပ်ပါသည်။ တန်ဖိုးလျော့ကျမှု ဖြစ်စေနိုင်သည့် အထောက်အထားများ ရှိပါက အနာဂါတ် ငွေစီးဆင်းမှု၏ လက်ရှိတန်ဖိုးနှင့် ချေးငွေ၏သယ်ယူလာသည့်ပမာဏတို့၏ ခြားနားချက်ကို တန်ဖိုးလျော့ကျမှုအရှုံး အဖြစ် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

ချေးငွေအား ပြန်လည်ကောက်ခံရန် မဖြစ်နိုင်တော့ပါက ချေးငွေတန်ဖိုးလျော့ကျမှုခွင့်ပြုငွေစာရင်းမှ ပယ်ဖျက်ပါသည်။ အဆိုပါချေးငွေများအား လိုအပ်သောနည်းလမ်းများဖြင့် ဆုံးရှုံးမှုများအား သတ်မှတ်ပြီးပါက ပယ်ဖျက်မှု ပြုလုပ်ပါသည်။ ယခင်စာရင်းမှ ပယ်ဖျက်ထားသောချေးငွေများ ပြန်လည်ရရှိခဲ့ပါက အရှုံးအမြတ်စာရင်းတွင် ဝင်ငွေအဖြစ် ဖော်ပြပါသည်။

<u>စုပေါင်းအကဲဖြတ်ခြင်း</u>

ဘဏ်၏ လက်ရှိ စုပေါင်းအကဲဖြတ်မှုကို စုစုပေါင်း ထုတ်ချေးထားသည့် ချေးငွေလက်ကျန် အားလုံး၏ အရင်းနှင့် အတိုး နှစ်ရပ်လုံး အပေါ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များ၊ လမ်းညွှန်မှုများနှင့် မူဝါဒများနှင့်အညီ ဆောင်ရွက်ပါသည်။

<u>သီးသန့်လျာထားချက်</u>

ဘဏ်သည် ချေးငွေများအပေါ် သီးသန့်လျာထားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ ရပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ပြုလုပ်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

(က) ချေးငွေနှင့် ကြိုတင်ပေးငွေများ (အဆက်)

<u>သီးသန့်လျာထားချက် (အဆက်)</u>

| ချေးငွေအမျိုးအစား | ပျက်ကွက်သည့်ရက် | အာမခံတန်ဖိုးလျော့နည်းမှုအပေါ်တွင် လျာထားခြင်း |
|---|---|---|
| စံပြည့်သောချေးငွေများ | ရက် ၃၀ အထိ | ၀ % |
| စောင့်ကြည့်ရန်လိုသောချေးငွေ | ၃၁ ရက် မှ ရက် ၆၀ အထိ | ၅ % |
| စံမပြည့်သော ချေးငွေ | ၆၁ ရက် မှ ရက် ၉၀ အထိ | ၂၅% |
| ရရန်မသေချာသော ချေးငွေ | ၉၁ ရက်မှ ရက် ၁၈၀ အထိ | ၅၀% |
| ရလမ်းမရှိသော ချေးငွေ | ရက်ပေါင်း ၁၈၀ နောက်ပိုင်း | ၁၀၀% |

(ခ) ချေးငွေများအား ပြန်လည်ပြင်ဆင်ခြင်း

ချေးငွေတစ်ခုသည် Credit Weakness ဖြစ်ပေါ်နေသောအချိန်၌ ဘဏ်သည် အပေါင်ပစ္စည်းအား ရယူခြင်းထက် ချေးငွေအား ပြန်လည်ညှိနှိုင်းမှု ပြုလုပ်ပါသည်။ ထိုသို့ ပြန်လည်ညှိနှိုင်းခြင်းတွင် ပြန်လည်ပေးချေမှုအား သက်တမ်းပြင်ဆင်ပေးခြင်း၊ ချေးငွေ သက်တမ်းအသစ်နှင့် အခြေအနေပြောင်းခြင်းတို့ပါဝင်ပါသည်။ စီမံခန့်ခွဲသူများမှ ပြန်လည်ပြင်ဆင်ထားသောချေးငွေ (renegotiated loan) များအား သတ်မှတ်ထားသော သက်တမ်းများနှင့်အညီ ပြန်လည်ပေးချေမှုများ ရှိမရှိ စောင့်ကြည့်မှု ပြုလုပ်သည်။

(ဂ) Held to Maturity

Held to Meturity အဖြစ် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများအား အစီရင်ခံသောနေ့၌ ငွေသားစီးဆင်းမှုကို ထိခိုက်စေနိုင်သည့် တန်ဖိုးလျော့ကျမှုဖြစ်စေသော အထောက်အထားများ ရှိမရှိကို စိစစ်သုံးသပ်ပါသည်။အဆိုပါ အထောက်အထားများရှိပါက ဝယ်ယူခဲ့စဉ်၌ ကုန်ကျခဲ့သောကုန်ကျစရိတ်နှင့် ယခင်ကျခံထားသော တန်ဖိုးလျော့ကျမှုအရှုံးအား နှုတ်ပယ်၍ရရှိသည့် အနာဂတ်ငွေသားစီးဆင်းမှု၏လက်ရှိတန်ဖိုးတို့၏ ခြားနားချက်ကို တန်ဖိုးလျော့ကျမှုအရှုံးအဖြစ် စာရင်းရေးသွင်းပါသည်။ အကယ်၍ နောက်ဆက်တွဲကာလတွင် တန်ဖိုးလျော့ကျမှုအရှုံးသည် လျော့ကျသွား၍ ၎င်းလျော့ကျသွားခြင်းသည် တန်ဖိုးလျော့ကျမှုအရှုံးကျခံပြီးမှ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါက ၎င်းလျော့ကျမှုအား အရှုံးအမြတ်စာရင်းတွင် ပြန်လည်စာရင်းညှိနှိုင်း ထည့်သွင်းပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

## ၃-၁၀။ ဘဏ္ဍာရေးဆိုင်ရာ ပစ္စည်းများ တန်ဖိုးလျော့ကျမှု (အဆက်)

### (ဃ)Available for Sale (AFS)

AFS အဖြစ်သတ်မှတ်ထားသော Equity Investment များအတွက် တန်ဖိုးလျော့ကျမှု ဖြစ်သော အထောက်အထားများတွင် အဆိုပါ Investment ၏ သင့်တင့်သောတန်ဖိုးသည် ၎င်းအား ဝယ်ယူကုန်ကျစရိတ်ထက် သိသာစွာကျဆင်းနေခြင်း၊ Active Market ပျောက်ကွယ်ခြင်း၊ Issuer (or) Obligor များသည် ဘဏ္ဍာရေး အခက်အခဲများ သိသာစွာဖြစ်ပေါ်နေခြင်းများ ပါဝင်ပါသည်။ AFS တစ်ခု တန်ဖိုးလျော့ကျမှု ဖြစ်ပေါ်သောအခါ အဆိုပါ AFS ၏ သင့်တင့်သောတန်ဖိုးမှ တန်ဖိုးလျော့ကျမှုအရှုံးအား နုတ်ပယ်ပြီး မူလဝယ်ယူကုန်ကျစရိတ်နှင့် ခြားနားသောပမာဏအား Equity Investment ရပိုင်ခွင့်မှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲ၍ စရိတ်အဖြစ် ကျခံပါသည်။

Equity Investment AFS များ၏ နောက်ဆက်တွဲ ကာလတွင် သင့်တင့်သောတန်ဖိုး တိုးတက်လာသောအခါ အခြားအလုံးစုံဝင်ငွေရှင်းတမ်းတွင် စာရင်းသွင်းဖော်ပြပြီး ယခင်က အရှုံးအမြတ်စာရင်းတွင် ရေးသွင်းခဲ့သည့် တန်ဖိုးလျော့ကျမှုအရှုံးများကို ပြန်လည်စာရင်းညှိနှိုင်းမှု ပြုလုပ်ခြင်းမရှိပါ။ သို့ရာတွင် Debt Investment များဖြစ်ခဲ့ပါက ပြန်လည်စာရင်းညှိနှိုင်းမှု ပြုလုပ်ပါသည်။

## ၃-၁၁။ ငွေနှင့် ဘဏ်လက်ကျန်

ငွေနှင့် ဘဏ်လက်ကျန်များတွင် ဘဏ်များတွင်ထားရှိထားသော စာရင်းရှင်အပ်ငွေ၊ လက်ဝယ်ကိုင်ဆောင်ထားသောငွေ၊ အပ်ငွေများ၊ ကာလတိုနှင့် Highly liquid investment များပါဝင်ပါသည်။ အဆိုပါ Highly liquid investment များသည် ငွေသားအဖြစ် ပြောင်းလဲရန် အလွန်လွယ်ကူပြီး တန်ဖိုးပြောင်းလဲမှုသည် သိသာထင်ရှားသည့် စွန့်စားမှုအန္တရာယ် မရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆိုလိုပါသည်။

## ၃-၁၂။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့

ပုံသေပိုင်ပစ္စည်းအမျိုးအစားအားလုံးကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် ရေးသွင်းပါသည်။ ထိုပစ္စည်းသည် အနာဂါတ်ကာလတွင် စီးပွားရေးအကျိုးအမြတ်များ ဘဏ်သို့စီးဝင်နိုင်ခြေရှိပြီး ၎င်း၏တန်ဖိုးကို ယုံကြည်စိတ်ချစွာ တိုင်းတာနိုင်လျှင် ထိုပစ္စည်း၏ မူရင်းတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မှတ်တမ်းတင်ပါသည်။ အစားထိုးလိုက်သည့် အစိတ်အပိုင်းများအတွက် ကုန်ကျတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မသတ်မှတ်ပါ။ အခြားသော ပြုပြင်ထိန်းသိမ်း ပြင်ဆင်စရိတ်များအား အရှုံးအမြတ်စာရင်းတွင် ကျခံပါသည်။

ပုံသေပိုင်ပစ္စည်းများနှင့် စက်ကိရိယာအမျိုးအစားတစ်ခု၏ အရေးပါသော အစိတ်အပိုင်းများ၏ အသုံးဝင်သက်တမ်း မတူညီသည့် အခါ ၎င်းတို့အား သီးခြားစီ စာရင်းမှတ်တမ်းတင်ပါသည်။

ဘိုးဘွားပိုင်မြေ၏သက်တမ်းမှာ အကန့်အသတ်မရှိသည့်အတွက် ၎င်းအားတန်ဖိုးလျော့ တွက်ချက်နုတ်ပယ်ခြင်း မပြုလုပ်ပါ။

ဘိုးဘွားပိုင်မြေမှလွဲ၍ အခြားပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့ (Depreciation) နှင့် တန်ဖိုးလျော့ကျမှုအရှုံး (Impairment Loss) (ရှိပါက) နုတ်၍ ဖော်ပြပါသည်။

ပုံသေပိုင်ပစ္စည်းများအား ကြွင်းကျန်တန်ဖိုးနုတ်ပြီး ကျန်ရှိသည့် တန်ဖိုးအပေါ်တွင် မျဉ်းဖြောင့်နည်း (Straight Line basis) ဖြင့် အောက်ဖော်ပြပါ အသုံးဝင်သက်တမ်းများအတိုင်း တန်ဖိုးလျော့တွက်ချက်ပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

၃-၁၂။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့ (အဆက်)

| | အသုံးဝင်သက်တမ်း (နှစ်) |
|---|---|
| အဆောက်အဦး | ၄၀-၈၀ |
| ငှားရမ်းအဆောက်အဦးပြင်ဆင်မှု | ၅-၁၀ |
| မော်တော်ယာဉ် | ၈ |
| ပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာ | ၅-၂၀ |
| စက်နှင့် စက်ကိရိယာ | ၁၆ |

ပုံသေပိုင်ပစ္စည်းများအား ၎င်းတို့၏ သယ်ယူလာသည့်တန်ဖိုးသည် ပြန်လည်ရရှိနိုင်သည့်တန်ဖိုးထက် နည်းနေသည်ဟု ယူဆရသော အခြေအနေများရှိလာပါက ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ စာရင်းမှတ်စု (၃-၁၅) တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်ပါသည်။

ကြွင်းကျန်တန်ဖိုးများအား ရောင်းချလျှင်သော်လည်းကောင်း သို့မဟုတ် ၎င်းကို အသုံးပြုခြင်းမှ အနာဂတ်စီးပွားရေး အကျိုးအမြတ် များ မရရှိနိုင်လျှင်သော်လည်းကောင်း ၎င်းတို့ကိုစာရင်းမှ ပယ်ဖျက်ပါသည်။ ထိုသို့ ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်ခြင်းမှ ရရှိလာသော အမြတ် သို့မဟုတ် အရှုံးကို ပုံသေပိုင်ပစ္စည်း ပယ်ဖျက်သောနှစ်ရှိ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

၃-၁၃။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း

ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများနှင့်ပတ်သက်၍ ကနဦးတွင် ၎င်းတို့ကို မူရင်းတန်ဖိုးဖြင့် စာရင်းထည့်သွင်း တင်ပြပါသည်။ နောက်ပိုင်းကာလများတွင် မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးလျော့ကျမှုအရှုံး (ရှိခဲ့ပါက) နုတ်၍ ဖော်ပြပါသည်။ အသုံးဝင်သက်တမ်း သတ်မှတ်နိုင်သော ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများကို မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပြီး စာရင်းလျော့ကျမှု (တန်ဖိုးလျော့ကျမှုအရှုံး) အခြေအနေရှိပါက တန်ဖိုးလျော့ကျမှု ညှိနှိုင်းဖော်ပြပါသည်။ တန်ဖိုးလျော့ကျမှုကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းကျခံပါသည်။ အသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းလမ်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ပါသည်။ Software လိုင်စင်နှင့် သုံးစွဲခွင့်များ၏ ခန့်မှန်းအသုံးဝင်သက်တမ်း အား (၁၀)နှစ် အဖြစ် သတ်မှတ်ပြီး အဆိုပါ အချိန်ကာလအတွင်း တန်ဖိုးလျော့ပါသည်။

၃-၁၄ ။ Foreclosed Properties

Foreclosed Properties များမှာ အကြွေးရယူလိုမှုကြောင့် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ သိမ်းယူထားသော ပစ္စည်းများဖြစ်ပြီး သင့်တင့်သောဈေးနှုန်းနှင့် မူရင်းတန်ဖိုးအနက် နည်းရာတန်ဖိုးဖြင့် ဖော်ပြပါသည်။

၃-၁၅ ။ Non-financial Asset များတန်ဖိုးလျော့ကျခြင်း

ပုံသေပိုင်ပစ္စည်း၊ Investment properties နှင့် Foreclosed Properties ကဲ့သို့သော ဘဏ္ဍာရေးမဟုတ်သော ရပိုင်ခွင့်များအား နှစ်စဉ်သော်လည်းကောင်း၊ သယ်ယူလာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထက် များနေသော အခြေအနေရှိလျှင်သော်လည်းကောင်း တန်ဖိုးလျော့ကျမှု ရှိမရှိ ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါ အခြေအနေတည်ရှိပါက သယ်ယူလာသည့်ပမာဏမှ ပြန်ရနိုင်မည့်တန်ဖိုး ရောက်သည်အထိ လျော့ချမှု ပြုလုပ်ပါသည်။ ပြန်လည်ရရှိနိုင်မည့်တန်ဖိုးဆိုသည်မှာ အသုံးဝင်တန်ဖိုး (value-in-use) နှင့်စရိတ်များ နုတ်ဖယ်ထားသည့် သင့်တင့်သော တန်ဖိုးတို့အနက် များသောပမာဏဖြစ်သည်။ သယ်ယူလာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထက် များနေပါက တန်ဖိုးလျော့ကျမှုအဖြစ် စာရင်းသွင်းပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၁၆။ အစုရှယ်ယာရင်းနှီးငွေနှင့် အစုရှယ်ယာထုတ်ဝေမှုကုန်ကျစရိတ်များ

မတည်ရင်းနှီးငွေဟုဆိုရာတွင် ပေးရန်တာဝန်များနှုတ်ဖယ်ပြီး ကျန်ရှိသောဘဏ်၏ ရပိုင်ခွင့်ပမာဏကို ဆိုလိုပါသည်။ သာမန် အစုရှယ်ယာများအားလုံးကို မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်ပါသည်။ သာမန်အစုရှယ်ယာများတန်ဖိုးအား ၎င်းရှယ်ယာများ ထုတ်ဝေခဲ့စဉ်က တိုက်ရိုက်ကုန်ကျခဲ့သောစရိတ်များကို နှုတ်ဖယ်၍ အသားတင်ရရှိသော ပမာဏကို စာရင်းရေးသွင်းဖော်ပြသည်။ သာမန်အစုရှယ်ယာများအပေါ် အမြတ်ဝေစုများကိုလည်း ထုတ်ဝေကြေငြာသည့်ကာလတွင် အစုဝင်များ၏ ပိုင်ဆိုင်မှုအဖြစ် ဖော်ပြပါသည်။

### ၃-၁၇။ အခြားပေးရန်တာဝန်များ

အခြားပေးရန်တာဝန်များတွင် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဘဏ်မှရယူခဲ့သောဝန်ဆောင်မှုများအပေါ် ပေးချေမှုမပြုရသေးသော ပေးရန်တာဝန်များပါဝင်ပါသည်။ (၁) နှစ် နှင့် (၁) နှစ် အောက် ကာလအတွင်း ပေးချေရမည့် ပေးရန်တာဝန်များ၊ ပုံမှန်လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်သောပေးရန်တာဝန်များကို ကာလတိုပေးရန်တာဝန်များအဖြစ် သတ်မှတ်ပါသည်။

သို့မဟုတ်ပါက ကာလရှည် ပေးရန်တာဝန်အဖြစ် သတ်မှတ်ပါသည်။ အခြားပေးရန်တာဝန်များကို ကနဦးတွင် ကာလတန်ဖိုး (သင့်တင့်သောတန်ဖိုး) နှင့် သတ်မှတ်ပြီး နောက်ပိုင်းတွင် ကုန်ကျစရိတ်ဖြင့် တွက်ချက်ပါသည်။

### ၃-၁၈။ ချေးယူငွေများ

(၁၂)လ အတွင်း ပေးချေရန်တာဝန်ရှိသော ချေးယူငွေများကို ကာလတိုချေးယူငွေများအဖြစ် သတ်မှတ်ပြီး (၁၂)လ ကျော်မှ ပေးရန်ရှိသောချေးယူငွေများကို ကာလရှည်ချေးယူငွေအဖြစ် ဖော်ပြပါသည်။ ချေးယူငွေများအား ကနဦးတွင် ကာလပေါက်ဈေး (သင့်တင့်သောတန်ဖိုး)ဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းကာလများတွင် Amortized cost ဖြင့် တွက်ချက်ပါသည်။ ချေးငွေရယူချိန်၌ ရရှိသောပမာဏနှင့် ပြန်လည်ပေးဆပ်ချိန်၌ ပေးချေရမည့်ပမာဏတို့ ကွာခြားမှုရှိပါက Effective Interest Method ကို အသုံးပြု၍ ချေးယူငွေကာလတစ်လျှောက် အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

### ၃-၁၉။ လျာထားချက်များ

ဘဏ်အနေဖြင့် အတိတ်ကာလဖြစ်စဉ်နှင့်ပတ်သတ်၍ ဥပဒေအရ၊ လူမှုရေးအရ သို့မဟုတ် လုပ်ငန်းမှသတ်မှတ်ထားသော စည်းမျဉ်းများအရ လက်ရှိကာလတွင် ပေးရန်တာဝန်များရှိခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်များအား ပေးချေရန် အတွက် လုပ်ငန်း၏အင်အားစုများ စီးထွက်ခြင်း (Outflow of resources) ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်ရှိသော ငွေပမာဏအား ယုံကြည်စိတ်ချစွာတွက်ချက်နိုင်သည့် အခြေအနေတွင်သော်လည်းကောင်း လျာထားစရိတ် (Provision) အဖြစ်သတ်မှတ်ပါသည်။ လျာထားချက်များကို လက်ရှိ အကောင်းဆုံးခန့်မှန်းမှုအား ထင်ဟပ်စေရန်အတွက် နှစ်စဉ်သုံးသပ်၍ စာရင်းညှိနှိုင်းမှုများ ပြုလုပ်ပါသည်။ ၎င်းလျာထားချက်အား ပေးချေရန် မလိုအပ်တော့ပါက ယခင်စာရင်းရေးသွင်းချက်အား ပြောင်းပြန်ပြန်သွင်းပါသည်။ အချိန်အခါအရ ငွေကြေးဈေးနှုန်း ပြောင်းလဲမှုမြင့်မားပါက ၎င်းလျာထားချက်အား Pre-tax rate ဖြင့်တန်ဘိုးလျှော့မှု ပြုလုပ်ပါသည်။ ထို့သို့တွက်ချက်မှုဖြင့် ဖြစ်ပေါ်လာသောအရှုံးအား Finance cost အဖြစ်ကျခံ စာရင်းသွင်းပါသည်။

၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

## ၃-၂၀။ Contingent Liabilities

ဘဏ်၏အကျိုးစီးပွား တစ်စုံတစ်ရာစီးထွက်နိုင်သည့် အနေအထားရှိရန် မသေချာခြင်း၊ ပေးချေရမည့်ပမာဏအား သေချာစွာမသိရှိနိုင်ခြင်း၊ Obligation မရှိခြင်း စသည်တို့ ဖြစ်ပေါ်ပါက ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စာရင်းမထည့်သွင်းဘဲ ပေးကောင်းပေးရနိုင်သော ပေးရန်တာဝန် (Contingent Liabilities) အဖြစ် စာရင်းမှတ်စုတွင် ဖော်ပြပါသည်။ Contingent Liabilities နှင့် Assets များအား ယခင်နှစ်သာမက ယခုနှစ်၏ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းများတွင် စာရင်းရေးသွင်းဖော်ပြခြင်း မရှိပါ။

## ၃-၂၁။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ၊ တစ်ဦးတစ်ယောက်မှ ထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း (ဤတွင် မိခင်ကုမ္ပဏီများ၊ လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) ဩဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စက်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း(သို့မဟုတ်) မိခင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသော မိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ (ဃ) သိုမဟုတ် (င)တွင် ရည်ညွှန်းထားသော တစ်ဦး တစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) ဩဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရ မဲပေးပိုင်ခွင့်ရှိသူ၏ ဩဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်သော ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့် အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

## ၃-၂၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း (သင့်တင့်သောဈေးနှုန်းသတ်မှတ်ခြင်း)

သင့်တင့်သောတန်ဖိုးဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင်ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခုအား ရောင်းချရာတွင် ရရှိမည့် သို့မဟုတ် ပေးရန်တာဝန်တစ်ခု လွှဲပြောင်းရာတွင် ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ် (အဆက်)

### ၃-၂၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း (သင့်တင့်သောဈေးနှုန်းသတ်မှတ်ခြင်း) (အဆက်)

သင့်တင့်သောတန်ဖိုး သတ်မှတ်ခြင်း ပြုလုပ်ရာ၌ ရပိုင်ခွင့်များ ရောင်းချခြင်း နှင့် ပေးရန်တာဝန် လွှဲပြောင်းခြင်းတို့သည် အဓိကဈေးကွက် သို့မဟုတ် အားသာသည့်ဈေးကွက်တို့တွင် ဖြစ်ပေါ်သည်ဟု ယူဆချက်အပေါ်အခြေခံ၍ တွက်ချက်ပါသည်။ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အား သင့်တင့်သောဈေးနှုန်း သတ်မှတ်ရာတွင် ဈေးကွက်၌ ပါဝင်သူများသည် အဆိုပါ ရပိုင်ခွင့်၊ ပေးရန်တာဝန်တို့နှင့် ပတ်သက်၍ ၎င်းတို့၏ အကျိုးစီးပွား အကောင်းဆုံးရရှိရန်အတွက် သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်ဟူသောယူဆချက်ဖြင့် တိုင်းတာဖော်ပြပါသည်။ သင့်တင့်သောတန်ဖိုး သတ်မှတ်ရာတွင် အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သော၊ လုံလောက်သော အချက်အလက် ရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုပါသည်။

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ သင့်တင့်သောတန်ဖိုးကို ၎င်းတို့အား တန်ဖိုးသတ်မှတ်ဖော်ပြရာတွင် သိသာထင်ရှားပြီး အနည်းဆုံးအချက်အလက်အပေါ်အခြေခံ၍ အမျိုးအစားနှင့် အဆင့်ကို ဖော်ပြပါသည်။ အစဉ်ဖြစ်ပေါ်နေသည့် အခြေခံဖြင့် စာရင်း ထည့်သွင်းသော ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအတွက် နှစ်ကုန်ဆုံးချိန်၌ အမျိုးအစားခွဲခြားမှုအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် အဆင့်များ ပြောင်းလဲမှု ရှိမရှိ သုံးသပ်ပါသည်။

## ၄။ Significant Accounting judgements, estimates and assumptions

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ဝင်ငွေ၊စရိတ်၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၊ Contingent Liabilities များအား ထုတ်ဖော်ချက်များနှင့် ပတ်သက်၍ စီမံအုပ်ချုပ်သူများမှ ဆုံးဖြတ်ချင့်ချိန်မှုများနှင့် ယူဆချက်များ ပြုလုပ်ကြပါသည်။ ထိုယူဆချက်များနှင့် ခန့်မှန်းမှုများတွင် မသေချာမှုများရှိခြင်းကြောင့် အနာဂတ်ကာလတွင် သယ်ယူလာသည့် ရပိုင်ခွင့် သို့မဟုတ် ပေးရန်တာဝန်များမှ  အရေးပါသောညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။ စာရင်းမူဝါဒများအား လိုက်နာကျင့်သုံးရာ၌ အောက်ဖော်ပြပါ ချင့်ချိန်မှုများကို ပြုလုပ်ပါသည်။

### ၄-၁။ Credit Exposures တန်ဖိုးလျော့ကျမှု

ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ သိသာထင်ရှားသော ချေးငွေများအား ပြန်လည်ဆန်းစစ်မှု ပြုလုပ်ပါသည်။ တန်ဖိုး လျော့ကျမှုများ ရှိမရှိ ချင့်ချိန်ပြုလုပ်ပါသည်။ အဖွဲ့လိုက်ဖြစ်စေ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ ငွေချေးသူများမှ ပြန်လည် ပေးဆပ်နိုင်မှုများ မပြုလုပ်နိုင်သည့် အခြေအနေများ ရှိမရှိ သုံးသပ်ပါသည်။ ရုံးတွင်းချမှတ်ထားသော မူဝါဒများနှင့်အညီ တန်ဖိုးလျှော့ချမှုများ ပြုလုပ်ပါသည်။

Credit Exposures တန်ဖိုးလျော့ကျမှုအား သတ်မှတ်ရာတွင် အနာဂတ် ငွေသားစီးဆင်းမှု၏ အချိန်နှင့် ပမာဏများအပေါ် စီမံခန့်ခွဲသူများမှ ခန့်မှန်းရာ၌ ချင့်ချိန်မှုများ ပြုလုပ်ရန် လိုအပ်သည်။ ဤငွေသားစီးဆင်းမှုများအား ခန့်မှန်းရာ၌ ဘဏ်သည် ငွေချေးယူသူများ၏ ဘဏ္ဍာရေးအခြေအနေနှင့် အာမခံအစုစည်းများ၏ ပြန်ရောင်းရမည့် အသားတင်တန်ဖိုးတို့အား ချင့်ချိန်ပါသည်။ ကိန်းဂဏန်း အချက်အလက်များအပေါ်တွင် ယူဆထားခြင်းဖြစ်ပြီး အမှန်တကယ်ဖြစ်ပေါ်လာမည့် အခြေအနေနှင့် ကွာခြားနိုင်သလို တန်ဖိုးလျော့ကျမှုများလည်း ပြောင်းလဲနိုင်ပါသည်။

### ၄-၂။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း

သင့်တင့်သောတန်ဖိုး ဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင် ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခုအား ရောင်းချရာတွင် ရရှိမည့် သို့မဟုတ် ပေးရန်တာဝန်တစ်ခုကို လွှဲပြောင်းရာတွင်ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် ဘဏ်သည် ရောင်းဝယ်နေသည့် ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများကို ရည်ညွှန်း၍ သုံးသပ်ပါသည်။ Credit risk  များကိုလည်း သင့်လျော်သလိုထည့်သွင်းစဉ်းစားပါသည်။ ရောင်းဝယ်နေသောဈေးကွက် မရှိပါက ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင်ရှိသော ဈေးကွက်အခြေအနေပေါ် မူတည်၍ လက်တကမ်းတွင် အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်း၊ discounted cash flow analysis နှင့် အခြားတန်ဖိုးသင့်နည်းလမ်းတို့ကို အသုံးပြုပါသည်။ ဤသို့အားဖြင့် အကောင်းမွန်ဆုံးဖြစ်သည့် သင့်တင့်သောတန်ဖိုးအား သတ်မှတ်ဆုံးဖြတ်ပါသည်။

## ၄။ Significant Accounting judgements, estimates and assumptions (အဆက်)

### ၄-၃။ ပုံသေပိုင်ပစ္စည်းများအား တန်ဖိုးလျော့ခြင်း

ပုံသေပိုင်ပစ္စည်း၏ အသုံးဝင်သက်တမ်းပေါ်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပါသည်။ ပုံသေပိုင်ပစ္စည်းများ၏ သက်တမ်းကို (၅) နှစ် မှ နှစ် (၈၀) အတွင်း ခန့်မှန်းသတ်မှတ်ထားပါသည်။ နည်းပညာ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ ကြောင့် အသုံးဝင်သက်တမ်းနှင့် လက်ကျန်တန်ဖိုးများ ပြောင်းလဲနိုင်သလို အနာဂတ် တန်ဖိုးလျော့ပမာဏများလည်း ပြောင်းလဲနိုင်ပါသည်။ ဘဏ်၏ ပုံသေပိုင်ပစ္စည်းများ၏ လက်ကျန်တန်ဖိုးများအား စာရင်းမှတ်စု (၁၀) တွင် ဖော်ပြထားပါသည်။

### ၄-၄။ ရွှေ့ဆိုင်းနှင့်လက်ငင်းဝင်ငွေခွန်

ဝင်ငွေခွန်ကျသင့်မှုများသည် ကနဦး ခန့်မှန်းချက်များနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။ ဘဏ်သည် တည်ဆဲ အခွန်ဥပဒေများ အပေါ် နားလည်သည့်အတိုင်းနှင့် သာမန်လုပ်ငန်းလုပ်ဆောင်မှုများအရ အခွန်ကျသင့်နိုင်သည်များကို ခန့်မှန်းမှုများအရ ဝင်ငွေခွန် ပေးရန်တာဝန်များကို စာရင်းထည့်သွင်းပါသည်။ ထိုသို့ မူလခန့်မှန်းထားသည်များနှင့် နောက်ဆုံးစည်းကြပ် ထွက်ရှိလာသည့် ကျသင့်သောအခွန်တို့အကြား ကွာခြားမှုရှိသောအခါ လက်ငင်းဝင်ငွေခွန်နှင့် ရွှေ့ဆိုင်းဝင်ငွေခွန်များကို နှစ်အတွင်းလျာထားမှုကို ထိခိုက်နိုင်ပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်များကို ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အခွန်ဥပဒေများအရ အခြေခံသည့်ပမာဏများနှင့် ကွဲလွဲသည့်အပေါ် ပေးရန်တာဝန်တွက်ချက်သည့်နည်းလမ်းဖြင့် အပြည့်လျာထားပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်ရပိုင်ခွင့်များကို ယာယီကွဲလွဲမှုများ သို့မဟုတ် အသုံးမပြုရသေးသည့် အခွန်ဥပဒေအရ အရှုံးများကို အသုံးပြုပြီး အနာဂတ်အခွန်ကျသင့်သည့် အမြတ်မှနုတ်ပယ်ရန် လုံလောက်သည့် ပမာဏအထိ ထည့်သွင်းတင်ပြပါသည်။ ရွှေ့ဆိုင်းဝင်ငွေခွန်ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို စာရင်းချေမှု ပြုလုပ်ရာတွင် ဥပဒေအရစာရင်းချေခွင့်ရှိပြီး အဆိုပါရွှေ့ဆိုင်းဝင်ငွေခွန်များ တူညီသောအခွန်အာဏာပိုင်နှင့် သက်ဆိုင်မှသာ ပြုလုပ်ပါသည်။

### ၄-၅။ ဘဏ္ဍာရေးမဟုတ်သောရပိုင်ခွင့်များ၏တန်ဘိုးလျော့ကျမှု

ရပိုင်ခွင့်တစ်ခု၏ ပြန်လည်ရရှိနိုင်သောပမာဏကို အဆိုပါရပိုင်ခွင့်အား ခွဲဝေသတ်မှတ်ထားသော ငွေကြေး လုပ်ဆောင်သည့်ယူနစ်၏ အသုံးဝင်တန်ဖိုးပေါ်တွင်အခြေခံ၍သတ်မှတ်ရာတွင် စီမံခန့်ခွဲသူများသည် ငွေကြေး လုပ်ဆောင်သည့်ယူနစ်၏ မျှော်မှန်းအနာဂတ်ငွေကြေးစီးဆင်းမှုကို ခန့်မှန်းမှုပြုလုပ်နိုင်ရန်နှင့် အဆိုပါ ငွေကြေးစီးဆင်းမှု ၏ လက်ရှိတန်ဖိုးကို သတ်မှတ်ရန်အတွက် သင့်လျော်သောလျော့နှုန်းကို သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း

ဘဏ်၏ စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေးစာချုပ်စာတမ်းများကို အသုံးပြုလုပ်ဆောင်မှုများ ပါဝင်သည်။ အဆိုပါလုပ်ဆောင်မှုများသည် ကြွေးမြီဆုံးရှုံးနိုင်ခြေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအန္တရာယ်၊ အတိုးနှုန်း အန္တရာယ်နှင့် ငွေဖြစ်လွယ်မှုအန္တရာယ်ကဲ့သို့သော အမျိုးမျိုးသောဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေတို့ကို ဖြစ်ပေါ်စေပါသည်။

စီမံအုပ်ချုပ်မှုကော်မတီများသည် ဒါရိုက်တာအဖွဲ့မှ လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာဘောင်အတွင်းမှ ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါစီမံအုပ်ချုပ်မှုကော်မတီများသည် တွက်ချက် သတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် မူဝါဒများချမှတ်ခြင်းများကို လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ ကြီးကြပ်မှုများအောက်တွင် အဆိုပါဆုံးရှုံးနိုင်ခြေတို့ကို စောင့်ကြည့်ခြင်းနှင့် စီမံခန့်ခွဲခြင်းများကို လုပ်ဆောင်ပါသည်။ အဆိုပါကော်မတီများမှချမှတ်ထားသော အဓိကကျသည့်မူဝါဒအဆိုပြုချက်များနှင့် ဆုံးဖြတ်ချက်များအား ဒါရိုက်တာအဖွဲ့ မှ စိစစ်သုံးသပ်ပါသည်။ ဘဏ်အနေဖြင့် မြင်သာထင်သာရှိပြီး စီမံခန့်ခွဲနေသော အဓိကကျသည့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေတို့ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### *၅-၁။ အတိုးနှုန်းအန္တရာယ်*

အတိုးနှုန်းအန္တရာယ်ဆိုသည်မှာ ဈေးကွက်အတွင်း အတိုးနှုန်းပြောင်းလဲမှုကြောင့် အနာဂတ်တွင် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်း များ၏ ငွေကြေးစီးဆင်းမှု အတက်အကျဖြစ်ခြင်းကို ဆိုလိုပါသည်။

### ၅-၂။ ကြွေးမြီအန္တရာယ် (Credit Risk)

ကြွေးမြီအန္တရာယ်ဆိုသည်မှာ ဘဏ်၏ဖောက်သည် သို့မဟုတ် အခြားအလားတူအဖွဲ့အစည်းများမှ စာချုပ်အရ ပေးရန်တာဝန်များကို ပြန်လည်ပေးဆောင်ရန်ပျက်ကွက်ခြင်းကြောင့် ဘဏ်မှရရှိလာမည့်အန္တရာယ်ကို ဆိုလိုပါသည်။ ဘဏ်သည် အဆိုပါကြွေးမြီ အန္တရာယ်များအား တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် လုပ်ငန်းများအပေါ်တွင် လက်ခံနိုင်လောက်သော ကြွေးမြီအန္တရာယ်ကန့်သတ်မှုများ ချမှတ်ခြင်း၊ အဆိုပါကန့်သတ်မှုများအား စောင့်ကြည့်ကြီးကြပ်ခြင်းများပြုလုပ်၍ စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းများ ပြုလုပ်ပါသည်။

ယခုနှစ်များအတွင်း ဘဏ်သည် ချေးငွေစံနှုန်း၊ ချေးငွေအန္တရာယ်၊ ချေးငွေအန္တရာယ် သတ်မှတ်မှုလျှော့ချမှုနှင့် ကြီးကြပ်မှုတို့ ပါဝင်သော ကြွေးမြီမူဝါဒအား ပြင်ဆင်ခဲ့ပါသည်။ အပေါင်ခံပစ္စည်းများ ပြန်လည်သတ်မှတ်ခြင်းများ အပါအဝင်ဖြစ်သော ကြွေးမြီနှင့် သင့်လျော်သည်ဟုသတ်မှတ်ထားသော သတ်မှတ်ချက်များ၏ပြောင်းလဲနိုင်ခြေတို့ကို စောလျင်စွာသိရှိနိုင်သော စိစစ်ခြင်းလုပ်ငန်းစဉ်သည် ကြွေးမြီအန္တရာယ်မှ ဖြစ်ပေါ်လာနိုင်သောဆုံးရှုံးမှုများကို ဘဏ်မှ အကဲဖြတ်နိုင်စေရန်နှင့် မှန်ကန်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်ပါသည်။

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့် အမျိုးအစားတစ်ခုချင်းစီ၏ အမြင့်ဆုံးဖော်ပြထားသော ကြွေးမြီအန္တရာယ်များကို အပေါင်ပစ္စည်းများ၏ အမှန်တန်ဖိုးများကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ အစီရင်ခံသည့် ရက်နေ့တွင်တည်ရှိသော သယ်ဆောင်တန်ဖိုးများအထိ သတ်မှတ်ထားပါသည်။

ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များ၏ အမြင့်ဆုံးသတ်မှတ်ထားသော ကြွေးမြီအန္တရာယ်သည် အဆိုပါ ရပိုင်ခွင့်များကို သယ်ယူလာသည့် တန်ဖိုးများနှင့် ညီမျှပါသည်။

အစုရှယ်ယာများသည် ကြွေးမြီအန္တရာယ်မရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှုများတွင် ထည့်သွင်းထားခြင်း မရှိပါ။

ချေးငွေသက်တမ်းကျော်လွန်ခြင်းမရှိသေးသကဲ့သို့ တန်ဖိုးလျော့ကျမှုမရှိသေးသည့် ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများတွင် အစိုးရမှ ထုတ်ဝေထားသော စာချုပ်စာတမ်းများ ပါဝင်ပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံတွင် ကြွေးမြီသတ်မှတ်ချက် ကောင်းမွန်မှု အမြင့်ဆုံးရှိသည့် စာချုပ်စာတမ်းများ ဖြစ်ပါသည်။

ချေးငွေသက်တမ်းကျော်လွန်သော်လည်း တန်ဖိုးလျော့ကျမှုမရှိသည့် ချေးငွေများဟုဆိုရာတွင် ချေးငှားထားသော ချေးငွေများသည် ပြန်လည်ပေးဆပ်ရန် သက်တမ်းကျော်လွန်နေသော်လည်း ၎င်းတို့ချေးယူစဉ်ကထားရှိသော အာမခံအပေါင်ပစ္စည်းများ၏ တန်ဖိုး သည် အဆိုပါချေးငွေနှင့် ရရန်ရှိအတိုးငွေထက် ကျော်လွန်နေသော အနေအထားကို ဆိုလိုပါသည်။

ချေးငွေသက်တမ်းကျော်လွန်နေပြီး တန်ဖိုးလျော့ကျမှုများ ဖြစ်ပေါ်နေသည့် ချေးငွေများဟုဆိုရာတွင် သက်ဆိုင်ရာ ချေးငွေများ သို့မဟုတ် ချေးငွေများ၏အတိုးငွေများအား ပေးဆပ်ရမည့်ရက်ထက် ကျော်လွန်နေပြီး အဆိုပါချေးငွေအတွက် ပြန်လည်ရရှိနိုင်မည့် ပမာဏသည် ၎င်းတို့အား သယ်ယူလာသည့်တန်ဖိုးထက် လျော့နည်းနေသည့် အနေအထားကို ဆိုလိုပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### ၅-၃။ ငွေဖြစ်လွယ်မှုအန္တရာယ်နှင့်ငွေသားစီးဆင်းမှု

ငွေဖြစ်လွယ်မှုအန္တရာယ် ဆိုသည်မှာ ဘဏ်တွင်လက်ခံထားသော အပ်ငွေများနှင့် ချေးယူငွေများ စေ့ရောက်သောကာလတွင် အဆိုပါ ပေးရန်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာကတိကဝတ်များကို ပေးရန်ခက်ခဲနိုင်သည့် အန္တရာယ်အမျိုးအစားဖြစ်ပါသည်။

အထက်ပါ ငွေဖြစ်လွယ်မှုအန္တရာယ်ကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုထားသော Asset and Liability Management Policy ၏ မူဘောင်အတိုင်း ဘဏ်မှ လိုက်နာကျင့်သုံးပါသည်။ ယင်းမူဘောင်တွင် သက်ဆိုင်ရာ မူဝါဒများ၊ ထိန်းချုပ်မှုများနှင့် ကန့်သတ်ချက်များ ပါဝင်သကဲ့သို့ ငွေသားစီးဆင်းမှုလွဲချော်မှုကိုကန့်သတ်မှုများ၊ ငွေဖြစ်လွယ်မှုကို ကြိုတင်သတိပေးသည့်အချက်များကို စောင့်ကြည့်မှု၊ ငွေသားစီးဆင်းမှုအခက်အခဲစမ်းသပ်ချက်စီစစ်မှု၊ ငွေဖြစ်လွယ်မှုပြဿနာဇာတ်လမ်းများနှင့် အလုံးစုံပါဝင်သော အရေးပေါ်ဘဏ္ဍာရေးထောက်ပံ့မှုအစီအစဉ်များ ချမှတ်ခြင်း စသည့် မူဝါဒများ ပါဝင်ပါသည်။ ထို့အပြင် ဘဏ်သည် သက်ဆိုင်ရာအာဏာပိုင်များမှ သတ်မှတ်ထားသည့် ပေးရန်ရှိအခြေခံများအား ထိန်းသိမ်းကာမိစေရန် ငွေသား သို့မဟုတ် ငွေဖြစ်လွယ်သည့် ရပိုင်ခွင့်များကိုလည်း သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း ထားရှိပါသည်။ အဆိုပါ သတ်မှတ်ချက်၏ အဓိကရည်ရွယ်ချက်မှာ ဘဏ်၏ ငွေသားစီးဆင်းမှု ကတိကဝတ်များကို အခက်အခဲမရှိ ဆက်လက်လည်ပတ်နိုင်ရန်၊ ဥပဒေအရထိန်းသိမ်းရသည့် ငွေဖြစ်လွယ်မှုနှင့် ရန်ပုံငွေလိုအပ်ချက်များကို ပြည့်မီနိုင်စေရန်တို့အပြင် အရေးကြုံလာလျှင် ဘဏ္ဍာငွေ မြှင့်တင်နိုင်သည့် ဈေးကွက်ပရီမီယံ သို့မဟုတ် ရပိုင်ခွင့်များကို တွန်းတွန်းတိုက်တိုက်ရောင်းချရခြင်းများမှ ကာကွယ်ရန်လည်း ဖြစ်ပါသည်။

ဘဏ်၏ (၃၀-၉-၂၀၂၃) နေ့နှင့် (၃၁-၃-၂၀၂၃) ရက်နေ့များရှိ ငွေကြေးလွယ်ကူမှုအချိုးမှာ ၃၉.၄၅% နှင့် ၄၄.၁၇% ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အမှတ် ၁၉/၂၀၁၇ ဖြင့် သတ်မှတ်ထားသော ငွေကြေးလွယ်ကူမှုအချိုး ၂၀% ထက် ကျော်လွန်ပါသည်။

### ၅-၄။ Foreign Exchange Risk (FER)

FER ဆိုသည်မှာ နိုင်ငံခြားငွေဖြင့် ရပိုင်ခွင့်၊ ပေးရန်တာဝန်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အရောင်းအဝယ်စာချုပ်များ၏ နိုင်ငံခြားငွေ လဲလှယ်နှုန်း အပြောင်းအလဲများမှ သက်ရောက်ပြောင်းလဲနိုင်သော အန္တရာယ်ကို ဆိုလိုပါသည်။

ဘဏ်၏ Foreign Exchange Exposure များတွင် Trading မဟုတ်သော (Non-Trading) Foreign Exchange Exposure များသည် မူအားဖြင့် Investment များ၊ Funding Activities များနှင့် Customer business များမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

### ၅-၅။ လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်

လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်ဆိုသည်မှာ ဘဏ်၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများနှင့် ဆက်နွယ်ပြီး ဘဏ္ဍာရေးအရ ဆုံးရှုံးနိုင်ခြေရှိသည့်အရှုံးငွေ၊ ဘဏ်တွင်းကြီးကြပ်မှု၊ လုပ်ငန်းလုပ်ဆောင်မှုအဆင့်များနှင့် လုပ်ငန်းတွင်းလည်ပတ်မှုစနစ်၏ ချို့ယွင်း အားနည်းချက်များကြောင့် ဘဏ်၏ စီးပွားရေးမတည်ငြိမ်မှု ဖြစ်နိုင်ခြေကို ဆိုလိုပါသည်။

အဆိုပါလုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်ကို စီမံခန့်ခွဲရာတွင် ကုန်ကျနိုင်သည့်ကုန်ကျစရိတ် နှင့် ဘဏ်၏ အန္တရာယ်စွန့်စားလိုမှု ကန့်သတ်ချက်အတွင်း ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို မျှတမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

၅-၅။ လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ် (အဆက်)

သို့ရာတွင် ဘဏ်အနေဖြင့် အဆိုပါ လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ် တစ်ခုလုံးကို ပျောက်ကွယ်အောင်လုပ်နိုင်ရန် မဖြစ်နိုင်သကဲ့သို့ ရံဖန်ရံခါ ယင်းအန္တရာယ်ကို စီမံရသည့်ကုန်ကျစရိတ်သည် ရလာနိုင်သည့်အကျိုးများထက် ပို၍ လေးပင်စေနိုင်ကြောင်းကိုလည်း နားလည်လက်ခံထားပါသည်။ ထို့ကြောင့် ဘဏ်အနေဖြင့် ယင်းအန္တရာယ်များကို တတ်နိုင်သမျှလျော့ပါးစေနိုင်ရန်၊ စီးပွားရေး ဆက်လက်လုပ်ကိုင်နိုင်မှုစီမံခြင်း၊ မတော်တဆဖြစ်ရပ်စီမံခြင်း စသည်တို့အတွက်ဆက်လက် ရင်းနှီးမြှုပ်နှံပါသည်။ ထို့အပြင် ဘဏ်၏ အန္တရာယ်ဆိုင်ရာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ခြင်း အားကောင်းလာစေရန် ဘဏ်တွင်းစာရင်းစစ်အဖွဲ့မှလည်း အန္တရာယ်ကိစ္စရပ်များအား စစ်ဆေးမှု ပြုလုပ်ပါသည်။

၅-၆။ ဥပဒေနှင့်လိုက်နာမှုအန္တရာယ်

ဥပဒေအန္တရာယ်ဆိုသည်မှာ ဘဏ်၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများမှ မရည်ရွယ် မမျှော်လင့်ဘဲ အောက်ပါ ဥပဒေဆိုင်ရာ အကျိုးဆက်များ ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။

(၁) စုဆောင်းရရှိသော အချက်အလက်များ မလုံလောက်ခြင်း၊ ဥပဒေ သို့မဟုတ် တရားရေးအရ မစွမ်းဆောင်နိုင်ခြင်း၊ စာချုပ်ဝင် အခြားတစ်ဖက်၏ လုပ်ပိုင်ခွင့် မလုံလောက်ခြင်းနှင့် စာချုပ်ဝင်အခြားတစ်ဖက်၏ လူမွဲခံယူမှုတွင် ခိုင်လုံသော သို့မဟုတ် စာချုပ် တစ်ခု၏ အတည်ပြုနိုင်မှုနှင့်ပတ်သက်၍ မသေချာမှုများ

(၂) အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသော ဥပဒေ သို့မဟုတ် တရားရေး ဖောက်ဖျက်မှုများ (ဘဏ်တစ်ခုအတွက် တာဝန်မပေးအပ်ထားသော လုပ်ဆောင်ချက်နှင့် ပြည်သူများကို ရာဇဝတ်မှုကျူးလွန်ရန် သို့မဟုတ် ဥပဒေ ဖောက်ဖျက်ရန် ဆွဲဆောင်နိုင်သော လုပ်ဆောင်ချက်များ ပါဝင်သည်။)

(၃) ဘဏ်၏ ပိုင်ဆိုင်ခွင့်များကို ကာကွယ်ရန်အရည်အချင်း မပြည့်မှီခြင်း

(၄) ဆူပူအုံကြွမှုများဖြစ်စေနိုင်ခြင်း (လုပ်ဆောင်ချက်များ သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် အခြားအငြင်းပွားမှုများ ဖြစ်စေနိုင် သော အခြားဖြစ်ရပ်များ ပါဝင်ပါသည်။)

(၅) ဆုံးရှုံးမှု သို့မဟုတ် အခွန်နှုန်းထားများ သို့မဟုတ် ဥပဒေများ၏ ဆောင်ရွက်မှုတွင် ပြောင်းလဲမှုများ သို့မဟုတ် အမှားများနှင့် သက်ဆိုင်သော ပြောင်းလဲမှုများ များပြားလာခြင်း

လိုက်နာမှုအန္တရာယ်ဆိုသည်မှာ သက်ဆိုင်သည့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ အတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ အမှာစာနှင့် ကိုယ်ကျင့်တရားများကို လိုက်နာရန် ပျက်ကွက်ခြင်း၊ မလိုက်နာနိုင်သည့်အခြေအနေ ရောက်ရှိခြင်းကို ဆိုလိုပါသည်။ အဆိုပါ မလိုက်နာမှုကြောင့် ဘဏ်အား ဒဏ်ငွေတပ်ရိုက်နိုင်ခြင်း၊ အများပြည်သူက ပြစ်တင်ရှုတ်ချခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်အား ယာယီရပ်တန့်ရခြင်း၊ အခြေအနေဆိုးရွားပါက လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို ရုပ်သိမ်းမှု ပြုလုပ်ခံရခြင်းအထိ သက်ရောက်နိုင်ပါသည်။

ဘဏ်အနေဖြင့် အထက်ပါဥပဒေနှင့်လိုက်နာမှုအန္တရာယ်များကို ဘဏ်တွင်းနှင့် ပြင်ပဥပဒေအတိုင်ပင်ခံများ၊ အကြံပေးများဖြင့် ထိရောက်စွာ စီမံအုပ်ချုပ်ပါသည်။

ဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် အခါအားလျော်စွာ လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

### ၅-၇။ ရင်းနှီးငွေစီမံခန့်ခွဲမှု

ရင်းနှီးငွေစီမံခန့်ခွဲမှု ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများအား ထောက်ပံ့ရန်အတွက် ရင်းနှီးငွေပမာဏအား လုံလောက်စွာထားရှိ အသုံးပြုနိုင်ရန်၊ ဘဏ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အန္တရာယ်များအား အချိုးညီစွာ ထိန်းသိမ်းထားရှိရန်နှင့် ဥပဒေလိုအပ်ချက်များအရ ဆောင်ရွက်ရန် ဖြစ်ပါသည်။

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (မြန်မာကျပ်) | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် (မြန်မာကျပ်) |
|---|---|---|
| ရင်းနှီးငွေ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၄,၉၀၆,၈၀၇,၉၈၂ | ၁၄,၉၀၆,၈၀၇,၉၈၂ |
| စုဆောင်ထားသောအမြတ်လက်ကျန် | (၂၀၅,၇၄၀,၈၂၆) | ၄၇၅,၅၀၀,၀၂၀ |
| | ၇၁,၈၂၅,၇၂၉,၉၅၅ | ၇၂,၅၀၆,၉၇၀,၈၀၂ |

ဘဏ်၏ ရင်းနှီးငွေလုံလောက်မှုအချိုးမှာ (၃၀.၉.၂၀၂၃) ရက်နေ့တွင် ၁၁.၂၇% ဖြစ်ပြီး (၃၁.၃.၂၀၂၃) ရက်နေ့တွင် ၁၀.၂၄ % ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များအရ အနိမ့်ဆုံးထားရှိရမည်ဟု ဖော်ပြထားသော ရင်းနှီးငွေ လုံလောက်မှုအချိုး ၈% နှင့် Tier 1 Capital အချိုး ၄% တို့ထက် ကျော်လွန်ပါသည်။

## ၆။ ငွေနှင့်ဘဏ်လက်ကျန်

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| ငွေသားလက်ကျန် | ၅၅,၆၅၄,၃၆၂,၁၉၇ | ၄၃,၃၀၅,၂၈၅,၀၈၆ |
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိငွေလက်ကျန် | ၂၅,၉၇၉,၈၇၈,၈၈၇ | ၃၉,၀၀၂,၁၃၁,၄၈၀ |
| အခြားဘဏ်များရှိငွေလက်ကျန် | ၁၅,၀၈၄,၀၂၂,၄၇၃ | ၁၉,၃၂၂,၅၀၇,၁၉၀ |
| အခြားဘဏ်များရှိ အချိန်ပိုင်းအပ်ငွေ | ၃၀,၀၀၀,၀၀၀,၀၀၀ | - |
| ဘဏ်အချင်းချင်း ချေးငွေ | ၃၁,၀၀၀,၀၀၀,၀၀၀ | ၁၀,၅၀၀,၀၀၀,၀၀၀ |
| | ၁၅၇,၇၁၈,၂၆၃,၅၅၇ | ၁၁၂,၁၂၉,၉၂၃,၇၅၇ |

## ၇။ ချေးငွေလက်ကျန်

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| ချေးငွေများ | ၂၄၈,၈၅၃,၅၂၈,၂၇၈ | ၂၀၁,၈၃၅,၀၈၆,၈၀၃ |
| စာရင်းပိုထုတ်ချေးငွေ | ၅၉,၂၃၂,၈၃၆,၇၇၇ | ၇၇,၃၄၉,၆၈၈,၀၅၄ |
| အငှားဝယ်စနစ် | ၂၅,၄၃၂,၇၇၀,၆၇၁ | ၂၉,၇၇၇,၉၂၈,၂၃၀ |
| အသေးစားအလတ်စားလုပ်ငန်း ချေးငွေ | ၄၄,၉၀၅,၇၀၀,၀၈၄ | ၃၆,၂၁၅,၄၃၃,၁၈၂ |
| ကုန်သွယ်မှုအာမခံချေးငွေ | ၁,၆၈၈,၇၅၄ | ၂,၉၆၀,၃၆၃ |
| အိမ်ရာဝယ်ယူခြင်း | ၄၉,၅၂၀,၉၀၅,၄၃၁ | ၂၁,၉၅၂,၄၅၃,၇၄၃ |
| Mortagage ချေးငွေ | ၇၆၁,၀၉၂,၅၇၁ | ၆၆၁,၅၃၈,၂၁၂ |
| ပညာရေးဆိုင်ရာချေးငွေ | ၄,၈၉၁,၆၀၈ | - |
| ဝန်ထမ်းချေးငွေ | ၁,၁၉၅,၆၉၁,၈၃၆ | ၇၈၉,၉၆၂,၅၈၁ |
| | ၄၂၉,၉၀၉,၁၀၆,၀၁၂ | ၃၆၈,၅၈၅,၀၅၁,၁၆၈ |
| သီးသန့်ကြေးဆုံးလျာထားချက် | (၄,၂၅၃,၆၉၅,၇၃၇) | (၄,၆၂၆,၁၁၄,၃၇၉) |
| | ၄၂၅,၆၅၅,၄၁၀,၂၇၅ | ၃၆၃,၉၅၈,၉၃၆,၇၈၉ |

## ၇။ ချေးငွေလက်ကျန် (အဆက်)

(က) လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေလက်ကျန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၉၈,၇၂၂,၅၅၅,၇၁၀ | ၇၉,၉၈၆,၇၅၀,၃၃၇ |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၂,၇၂၆,၇၁၉,၁၆၉ | ၂,၃၂၇,၅၉၀,၁၈၄ |
| ကုန်သွယ်မှုလုပ်ငန်း | ၁၇၉,၄၈၃,၀၅၆,၇၄၈ | ၁၇၅,၇၆၃,၉၇၆,၄၄၃ |
| ဝန်ဆောင်မှုလုပ်ငန်း | ၄၂,၂၉၁,၂၄၂,၇၈၂ | ၄၁,၉၄၇,၁၇၅,၇၇၃ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁,၆၄၄,၅၃၉,၁၅၃ | ၁,၈၆၅,၈၁၄,၀၂၄ |
| စိုက်ပျိုးမွေးမြူရေးလုပ်ငန်း | ၁,၆၂၇,၈၅၁,၆၆၁ | ၇၃၉,၄၃၀,၉၇၂ |
| အထွေထွေ | ၄၄,၀၉၂,၀၉၂,၂၇၄ | ၃၅,၀၅၈,၁၆၂,၀၅၁ |
| ဘဏ္ဍာရေးလုပ်ငန်း | ၇,၈၃၁,၇၃၀,၇၆၉ | ၇,၅၀၉,၆၁၅,၃၈၅ |
| ဝန်ထမ်းချေးငွေ | ၁,၁၉၅,၆၉၁,၈၃၆ | ၇၈၉,၉၆၂,၆၅၀ |
| အိမ်ရာဝယ်ယူခြင်း | ၅၀,၂၈၁,၉၉၈,၀၀၂ | ၂၂,၅၇၀,၉၉၁,၉၅၄ |
| ဆက်သွယ်ရေးလုပ်ငန်း | ၁၁,၆၂၇,၉၀၇ | ၂၅,၅၈၁,၃၉၅ |
| | ၄၂၉,၉၀၉,၁၀၆,၀၁၂ | ၃၆၈,၅၈၅,၀၅၁,၁၆၈ |

(ခ) လုပ်ငန်းအမျိုးအစားအလိုက် သီးသန့်ကြွေးဆုံးလျာထားချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၈၈,၅၈၈,၁၀၈ | ၂၀၅,၉၈၀,၀၇၄ |
| ကုန်သွယ်မှုလုပ်ငန်း | ၂၀,၈၃၀,၇၆၂ | ၂၃၄,၉၇၈,၃၁၉ |
| ဝန်ထမ်းချေးငွေ | ၇၄၅,၁၆၁,၁၇၅ | ၇၇၀,၃၃၆,၄၆၂ |
| စိုက်ပျိုးမွေးမြူရေးလုပ်ငန်း | ၁၂၂,၇၀၂,၇၃၈ | - |
| အထွေထွေ | ၃,၁၇၆,၄၁၂,၉၅၄ | ၃,၄၁၄,၈၁၉,၅၂၄ |
| | ၄,၂၅၃,၆၉၅,၇၃၇ | ၄,၆၂၆,၁၁၄,၃၇၉ |

## ၈။ ရင်းနှီးမြှုပ်နှံမှုများ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| အစိုးရငွေတိုက်စာချုပ်များ | ၉၂,၁၂၀,၆၂၃,၇၄၄ | ၇၇,၅၇၃,၁၂၁,၉၅၀ |
| အစိုးရငွေတိုက်လက်မှတ်များ | ၂၆,၀၉၉,၂၄၄,၈၀၀ | ၂၆,၁၉၅,၁၀၅,၂၀၀ |
| အပ်ငွေလေလံ | ၂၅,၉၀၈,၀၀၀,၀၀၀ | ၂၉,၈၉၉,၆၁၀,၀၀၀ |
| **အစုရှယ်ယာစာရွက်စာတမ်းများ** | | |
| Myanmar Payment Union | ၂၀၀,၀၀၀,၀၀၀ | ၂၀၀,၀၀၀,၀၀၀ |
| Credit Bureau | ၁၃၀,၀၀၀,၀၀၀ | ၁၃၀,၀၀၀,၀၀၀ |
| Quoted မဟုတ်သော အစုရှယ်ယာများ | ၁,၀၀၀,၀၀၀ | ၁,၀၀၀,၀၀၀ |
| | ၁၄၄,၄၅၈,၈၆၈,၅၄၄ | ၁၃၃,၉၉၈,၈၃၇,၁၅၀ |

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလတွင် ဘဏ်မှရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများအပေါ် လျော့နည်းဆုံးရှုံးမှု ပြန်လည်သုံးသပ်ခြင်းအား ဘဏ်၏စီမံခန့်ခွဲမှုမှ ပြုလုပ်ခဲ့ပြီး၊ လျော့နည်းဆုံးရှုံးမှု မရှိကြောင်း သုံးသပ်ပါသည်။ တန်ဖိုး လျော့ကျမှုများ မရှိပါ။

စာရင်းတင်ပြနိုင်ခြင်းမရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုများကို ရောင်းချခြင်းမပြုဘဲ အခြားအရေး ပါသော အကြောင်းပြချက်ဖြင့် ထိန်းသိမ်းထားခြင်းဖြစ်ပြီး၊ ထည့်ဝင်ငွေအား ကာလတန်ဖိုး ပြောင်းလဲသတ်မှတ် ခြင်းသည် အရေးမပါသောကြောင့် စီမံခန့်ခွဲမှုမှ ယခင် ကုန်ကျခဲ့သည့် တန်ဖိုးအနေဖြင့်သာ မှတ်တမ်းတင်ထားရန် ဆုံးဖြတ်ခဲ့သည်။

## ၉။ အခြားရပိုင်ခွင့်များ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| ချေးငွေအပေါ်အတိုးရရန်ရှိ | ၁၃,၇၂၃,၉၂၀,၅၃၈ | ၁၃,၉၃၇,၄၆၇,၃၁၅ |
| ရင်းနှီးမြှုပ်နှံမှုအပေါ်အတိုးရရန်ရှိ | ၇၀၆,၀၈၆,၆၀၅ | ၉၈၁,၉၇၈,၈၇၇ |
| အခြားဘဏ်များတွင်အပ်ငွေအပေါ်အတိုးရရန်ရှိ | ၁၂၃,၁၀၄,၁၁၀ | ၆,၂၉၁,၇၈၁ |
| အခြားရရန်ရှိ | ၂၅,၂၃၆,၀၀၀,၀၀၀ | - |
| ကြိုတင်ပေးစရိတ်နှင့်ကြိုတင်ထုတ်ပေးငွေများ | ၆,၅၃၉,၁၆၇,၇၂၉ | ၆,၅၂၇,၂၇၉,၆၆၀ |
| Business partner များထံမှရရန်ရှိ | ၂၄၂,၀၅၃,၈၁၈ | ၂၇၄,၃၄၄,၀၇၃ |
| အီလက်ထရောနစ်ငွေအပ်နှံမှု Citizens Pay | ၂၈၂,၀၀၀,၀၀၀ | ၂၈၂,၀၀၀,၀၀၀ |
| ယာယီစာရင်း (Money Gram နှင့် IME) | ၂၂၀,၄၂၆,၄၃၃ | ၅၀၀,၉၁၄,၂၇၈ |
| အခြားယာယီစာရင်း | ၁,၀၅၃,၄၃၆,၆၈၇ | (၂,၂၀၃,၄၇၁,၂၈၀) |
| | ၄၈,၁၂၆,၁၉၆,၉၂၀ | ၂၀,၃၀၆,၈၀၄,၇၀၄ |

၁၀။ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်း အသေးစိတ်ဇယားအား နောက်ဆက်တွဲဇယား (၁) နှင့် (၂) ဖြင့် ဖော်ပြထားပါသည်။

၁၁။ ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| **မူရင်းတန်ဖိုး** | | |
| စာရင်းဖွင့်လက်ကျန် | ၆,၃၀၃,၃၆၄,၅၇၀ | ၅,၈၅၈,၄၈၄,၈၁၄ |
| နှစ်အတွင်းထပ်တိုးခြင်း | ၄၈,၉၈၅,၂၃၉ | ၆၄၁,၁၈၈,၉၇၂ |
| နှစ်အတွင်းညှိနှိုင်းခြင်း | - | (၁၉၆,၃၀၉,၂၁၆) |
| စာရင်းပိတ်လက်ကျန် | ၆,၃၅၂,၃၄၉,၈၀၉ | ၆,၃၀၃,၃၆၄,၅၇၀ |
| **စုစုပေါင်းတန်ဖိုးလျော့** | | |
| စာရင်းဖွင့်လက်ကျန် | ၂,၂၉၉,၃၈၈,၁၉၃ | ၁,၉၀၆,၇၀၇,၂၅၀ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၃၁၆,၆၃၀,၁၉၅ | ၅၈၈,၉၉၀,၁၆၀ |
| နှစ်အတွင်းညှိနှိုင်းခြင်း | - | (၁၉၆,၃၀၉,၂၁၆) |
| စာရင်းပိတ်လက်ကျန် | ၂,၆၁၆,၀၁၈,၃၈၈ | ၂,၂၉၉,၃၈၈,၁၉၃ |
| **စာရင်းပိတ်လက်ကျန်** | ၃,၇၃၆,၃၃၁,၄၂၁ | ၄,၀၀၃,၉၇၆,၃၇၇ |
| စာရင်းဖွင့်လက်ကျန် | ၄,၀၀၃,၉၇၆,၃၇၇ | ၃,၉၅၁,၇၇၇,၅၆၅ |

၁၂။ အပ်ငွေများ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| ခေါ်ယူအပ်ငွေ | ၂၁၈,၄၆၁,၂၂၃,၈၅၂ | ၁၈၂,၄၄၄,၈၇၃,၉၅၈ |
| အချိန်ပိုင်းအပ်ငွေ | ၂၄၆,၂၉၉,၅၅၁,၂၅၈ | ၁၈၁,၉၈၀,၃၆၁,၂၀၂ |
| စာရင်းရှင်အပ်ငွေ | ၄၅,၆၃၉,၇၄၂,၉၆၃ | ၃၄,၆၆၂,၂၄၀,၁၃၅ |
| ငွေစုစာရင်းအပ်ငွေ | ၁၃၄,၁၁၀,၉၈၅,၄၀၉ | ၁၂၅,၇၁၆,၇၆၀,၉၈၉ |
| | ၆၄၄,၅၁၁,၅၀၃,၄၈၁ | ၅၂၄,၈၀၄,၂၃၆,၂၈၅ |

## ၁၃။ အခြားပေးရန်တာဝန်များ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| ရပ်တန့်ထားသောအတိုးဝင်ငွေ | ၁၂,၉၆၁,၁၅၆,၈၄၇ | ၁၃,၃၂၂,၅၆၇,၉၆၀ |
| ကြိုတင်ရအတိုး | (၃၉၃,၉၈၄,၂၃၀) | (၃၈၅,၀၇၉,၉၂၈) |
| ပေးရန်ရှိအတိုး | ၅,၂၃၀,၁၂၀,၄၆၃ | ၄,၃၁၄,၀၂၅,၆၅၀ |
| ငွေပေးအမိန့် | ၁,၅၈၀,၂၄၁,၉၅၇ | ၄၅၆,၅၅၄,၄၀၄ |
| အခြားပေးရန်ရှိများ | ၂၇,၆၂၄,၉၈၈,၄၁၆ | ၂,၄၁၉,၁၆၁,၁၅၃ |
| ဝင်ငွေခွန်လျာထားချက် | ၅,၄၆၃,၀၃၁ | ၁၁၈,၅၈၀,၅၉၁ |
| အထွေထွေ အပ်နှံငွေများ | ၁,၃၀၇,၁၅၂,၁၅၈ | ၈၂၂,၁၂၅,၂၂၉ |
| ချေးငွေဆုံးရှုံးမှုများအတွက် အထွေထွေလျာထားငွေ | ၄,၁၀၁,၈၇၁,၇၈၉ | ၂,၈၇၅,၃၉၀,၆၉၂ |
| ငွေသားဆုံးရှုံးမှုများအတွက် လျာထားချက် | ၇၅၄,၅၄၂,၂၅၀ | ၇၅၄,၅၄၂,၂၅၀ |
| Business partner များသို့ပေးရန်ရှိ | ၅၄,၅၂၄,၈၃၅ | ၇၀,၄၄၁,၄၇၃ |
| | ၅၃,၂၂၆,၀၇၇,၅၁၄ | ၂၄,၇၆၈,၃၀၉,၄၇၄ |

## ၁၄။ ချေးယူငွေများ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူငွေ | ၂၅,၂၃၆,၀၀၀,၀၀၀ | ၂၆,၇၀၈,၁၀၀,၀၀၀ |
| ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးယူငွေ | ၂,၈၅၇,၀၀၀,၀၀၀ | ၃,၀၆၆,၇၅၀,၀၀၀ |
| | ၂၈,၀၉၃,၀၀၀,၀၀၀ | ၂၉,၇၇၄,၈၅၀,၀၀၀ |

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူသည့် အမေရိကန်ဒေါ်လာ ၁၂ သန်းသည် SWAP သဘောတူညီချက်ဖြစ်ပြီး သက်တမ်းကုန်ဆုံးရက်မှာ ၂၀.၁၁.၂၀၂၃ ဖြစ်ပါသည်။ ဘဏ်သည် CBM နှင့် client အကြား ကြားခံအဖြစ် ဆောင်ရွက်သောကြောင့် ဤ SWAP သဘောတူညီချက်၏ အတိုးသည် ဘဏ်အား ထိခိုက်မှု မရှိပေ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A ဘဏ်) မှ ချေးယူငွေ လက်ကျန်သည် နှစ်စဉ်အတိုးနှုန်း (၀) ရာခိုင်နှုန်းဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၃)ရက်နေ့တွင် သက်တမ်းစေ့ရောက်မည့် ချေးငွေဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူသည့် အမေရိကန်ဒေါ်လာ ၁၂.၇ သန်းသည် SWAP သဘောတူညီချက်ဖြစ်ပြီး သက်တမ်းကုန်ဆုံးရက်မှာ ၂၄.၅.၂၀၂၃ ဖြစ်ပါသည်။ ဘဏ်သည် CBM နှင့် client အကြား ကြားခံအဖြစ် ဆောင်ရွက်သောကြောင့် ဤ SWAP သဘောတူညီချက်၏ အတိုးသည် ဘဏ်အား ထိခိုက်မှု မရှိပေ။

၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A ဘဏ်) မှ ချေးယူငွေ လက်ကျန်သည် နှစ်စဉ်အတိုးနှုန်း (၀) ရာခိုင်နှုန်းဖြင့် ၂၀၂၃ ခုနှစ် ၊ ဧပြီလ (၁၈)ရက်နေ့တွင် သက်တမ်းစေ့ရောက်မည့် ချေးငွေဖြစ်ပါသည်။

## ၁၅။ ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် မြန်မာကျပ် |
|---|---|---|
| အစုရှယ်ယာအရေအတွက် | ၁၀,၄၀၀,၉၈၆ | ၁၀,၄၀၀,၉၈၆ |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ(ကျပ်) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ အစုရှယ်ယာတစ်စုတန်ဖိုး (par value)ထားရှိရန် မလိုသောကြောင့် အထက်ဖော်ပြပါ ရင်းနှီးငွေပမာဏတွင် ယခင်နှစ်များ၌ ပါရှိသော အစုရှယ်ယာပရီမီယံပမာဏ ကျပ် ၅,၁၁၉,၇၃၂,၈၀၀ အား ထည့်သွင်းဖော်ပြထားပါသည်။

## ၁၆။ ရန်ပုံငွေများ

| | ဥပဒေ ပြဋ္ဌာန်း အထွေထွေသီးသန့် ရန်ပုံငွေ(၁) မြန်မာကျပ် | ချေးငွေအတွက် အထွေထွေလျာထား ရန်ပုံငွေ(၂) မြန်မာကျပ် | အရေးပေါ်ကိစ္စများ အတွက် သီးသန့်ရန်ပုံငွေ မြန်မာကျပ် | စုစုပေါင်းရန်ပုံငွေ မြန်မာကျပ် |
|---|---|---|---|---|
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၂၃) | ၁၀,၃၉၈,၄၉၇,၆၅၀ | ၄,၄၉၆,၃၁၀,၃၃၂ | ၁၂,၀၀၀,၀၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ |
| နှစ်အတွင်းထပ်မံလျာထားမှု | - | - | - | - |
| ၃၀-၉-၂၀၂၃ နေ့ရှိလက်ကျန် | ၁၀,၃၉၈,၄၉၇,၆၅၀ | ၄,၄၉၆,၃၁၀,၃၃၂ | ၁၂,၀၀၀,၀၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ |
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၂၂) | ၁၀,၀၃၅,၅၉၀,၇၈၂ | ၄,၄၉၆,၃၁၀,၃၃၂ | ၁၂,၀၀၀,၀၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ |
| နှစ်အတွင်းထပ်မံလျာထားမှု | ၃၆၂,၉၀၆,၈၆၈ | - | - | ၃၆၂,၉၀၆,၈၆၈ |
| ၃၁-၃-၂၀၂၃ နေ့ရှိလက်ကျန် | ၁၀,၃၉၈,၄၉၇,၆၅၀ | ၄,၄၉၆,၃၁၀,၃၃၂ | ၁၂,၀၀၀,၀၀၀ | ၁၄,၉၀၆,၈၀၇,၉၈၂ |

(၁) မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေပုဒ်မ ၃၅ (က) နှင့်အညီ ဝင်ငွေခွန်နုတ်ပြီး အသားတင်အမြတ်၏ ၂၅% အား ဥပဒေပြဋ္ဌာန်း အထွေထွေသီးသန့် ရန်ပုံငွေအဖြစ် သီးသန့်ဖယ်ထားပြီး ငွေသားဖြင့် အမြတ်ဝေစုခွဲဝေခြင်းကို မပြုလုပ်ရပါ။

(၂)ချေးငွေလက်ကျန်၏ ၂% အားကြွေးဆုံးလျာထားရန်ပုံငွေ အဖြစ်သီးသန့်ထားရှိပါသည်။ သို့သော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ အထက်ပါ ၂% ကြွေးဆုံး လျာထားရန်ပုံငွေအား အရှုံးအမြတ်စာရင်းသို့ စရိတ်အဖြစ်ကျခံပြီး သက်ဆိုင်ရာ မြို့ရှင်စာရင်းအား အခြားပေးရန်တာဝန်များ အောက်တွင် တင်ပြခဲ့ပါသည်။

## ၁၇။ အတိုးဝင်ငွေ

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| အငှားဝယ်စနစ်မှအတိုး | ၁,၅၆၇,၀၃၄,၆၀၆ | ၇,၈၅၁,၃၅၉,၀၄၇ |
| ချေးငွေများမှအတိုး | ၁၄,၅၂၁,၃၅၈,၀၀၇ | ၁၈,၁၀၉,၇၈၄,၀၄၄ |
| အသေးစားအလတ်စားလုပ်ငန်းများ ချေးငွေမှအတိုး | ၁,၁၃၂,၀၄၄,၈၃၈ | ၁,၆၅၂,၇၆၃,၄၃၁ |
| အိမ်ရာဝယ်ယူချေးငွေမှအတိုး | ၁,၅၅၃,၀၄၉,၈၀၀ | ၆၃၆,၄၅၃,၈၁၄ |
| ဝန်ထမ်းချေးငွေမှအတိုး | ၁၁,၀၃၀,၄၇၄ | ၃၈,၂၅၂,၃၇၉ |
| ကုန်သွယ်မှုအာမခံချေးငွေမှအတိုး | ၁၁၂,၉၁၄ | ၅,၆၃၅,၆၇၀ |
| Mortgage ချေးငွေမှအတိုး | ၃၈,၃၅၆,၉၅၂ | ၂၃,၉၄၅,၂၀၃ |
| ရင်းနှီးမြှုပ်နှံမှုမှအတိုး | ၅,၃၆၀,၄၂၈,၂၉၈ | ၁၅,၃၁၂,၂၉၆,၆၈၄ |
| | ၂၄,၁၈၃,၄၁၅,၈၈၉ | ၄၃,၆၃၀,၄၉၀,၂၇၂ |

| ရှင်းလင်းချက်။ | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| ချေးငွေများမှအတိုးနှုန်း | ၅.၅%~၁၄.၅% | ၅.၅%-၁၄.၅% |
| အပ်နှံငွေမှအတိုးရငွေ(အခြားဘဏ်) | ၅.၄%~၇.၃% | ၃.၇%-၇.၅% |

## ၁၈။ အတိုးစရိတ်

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ငွေစုစာရင်းအပ်ငွေ အပေါ်အတိုးစရိတ် | ၃,၁၂၇,၁၃၆,၇၈၅ | ၆,၆၉၁,၈၈၃,၉၄၈ |
| အချိန်ပိုင်းအပ်ငွေ အပေါ်အတိုးစရိတ် | ၉,၃၂၆,၈၄၁,၂၂၉ | ၁၄,၄၆၂,၁၇၀,၇၈၈ |
| ခေါ်ယူအပ်ငွေ အပေါ်အတိုးစရိတ် | ၅,၆၇၂,၂၆၉,၆၇၉ | ၇,၁၆၆,၈၇၆,၂၂၆ |
| ဘဏ်အချင်းချင်းချေးယူငွေအပေါ်အတိုးစရိတ် | ၅၄,၈၉၅,၄၃၁ | ၇၇၈,၄၁၇,၂၅၈ |
| | ၁၈,၁၈၁,၁၄၃,၁၂၄ | ၂၉,၀၉၉,၃၄၈,၂၂၀ |

ရှင်းလင်းချက်။

ငွေစုစာရင်းအပ်ငွေ၏ အတိုးနှုန်းမှာ လဆန်း(၅)ရက်မှ လကုန်ဆုံးချိန်အတွင်း အနည်းဆုံးလက်ကျန်ငွေ အပေါ်တွင် (၆%~၈%) ဖြစ်သည်။

၁၈။ အတိုးစရိတ် (အဆက်)

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| စာရင်းသေအပ်ငွေအတိုးနှုန်းများမှာ- | | |
| (၁) လ | ၆.၅%~၈% | ၆.၅%~၇.၅% |
| (၃) လ | ၇%~၉.၂၅% | ၇%~၉% |
| (၆) လ | ၇.၇၅%~၉.၂၅% | ၇.၅%~၉.၂၅% |
| (၉) လ | ၇.၇၅%~၉% | ၇.၇၅%~၉% |
| (၁၂) လ | ၈%~၉.၅% | ၇.၅%~၉.၅% |
| (၂၄) လ | ၈.၂၅% | ၇.၇၅%~၈.၂၅% |

ခေါ်ယူအပ်ငွေ၏အတိုးနှုန်းမှာ နေ့စဉ်အနည်းဆုံး ငွေလက်ကျန်အပေါ်တွင် (၄~၇.၅%)ဖြစ်သည်။

၁၉။ အသားတင် ကော်မရှင်ဝင်ငွေနှင့်အခြားအခကြေးငွေ

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ကော်မရှင်ဝင်ငွေနှင့်အခြားအခကြေးငွေများ | | |
| ဝန်ဆောင်ခရငွေများ | ၂,၆၇၃,၁၇၆,၇၂၇ | ၂,၉၃၀,၅၂၂,၇၈၁ |
| ကော်မရှင်ရငွေများ | ၁,၄၀၂,၂၅၃,၉၅၄ | ၁,၃၆၇,၈၆၉,၅၃၈ |
| ကဒ်နှင့်ဆက်စပ်ဝင်ငွေများ | ၂၁၀,၂၄၆,၈၄၆ | ၄၅၄,၁၄၄,၀၂၆ |
| အခြားအခကြေးငွေများ | ၉၁၉,၄၅၀ | ၂,၉၇၈,၉၄၅ |
| | ၄,၂၈၆,၅၉၆,၉၇၈ | ၄,၇၅၅,၅၁၅,၂၈၉ |
| ကော်မရှင်နှင့်အခြားစရိတ်များ | | |
| ဘဏ်ကော်မရှင်နှင့်ဝန်ဆောင်ခစရိတ်များ | ၇၄,၈၆၂,၅၉၉ | ၆၆,၃၃၁,၂၈၁ |
| ကဒ်နှင့်ဆက်စပ်စရိတ်များ | ၁၉၄,၀၀၅,၃၀၅ | ၃၈၆,၀၇၆,၆၃၃ |
| အခြားစရိတ်များ | ၃,၉၄၈,၈၀၀ | ၁၃,၆၂၆,၆၀၅ |
| | ၂၇၂,၈၁၆,၇၀၄ | ၄၆၆,၀၃၄,၅၁၉ |
| | ၄,၀၁၃,၇၈၀,၂၇၄ | ၄,၂၈၉,၄၈၀,၇၇၀ |

## ၂၀။ အခြားဝင်ငွေ

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| နိုင်ငံခြားငွေကြေးလုပ်ဆောင်ချက်များအပေါ် အမြတ် | ၃၄၄,၇၆၉,၅၇၆ | ၁,၆၀၉,၉၃၂,၂၀၇ |
| နိုင်ငံခြားငွေလဲလှယ်မှုမှအရှုံး/(အမြတ်) | (၁၀၀,၅၄၀,၅၇၈) | (၄,၄၇၄,၂၆၄,၈၇၄) |
| အထွေထွေဝင်ငွေ | ၇၃,၈၅၁,၇၀၀ | ၆၉,၄၇၉,၁၉၇ |
| | ၃၁၈,၀၈၀,၆၉၈ | (၂,၇၉၄,၈၅၃,၄၇၀) |

## ၂၁။ ဝန်ထမ်းရေးရာစရိတ်

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| လစာနှင့်လုပ်ခများ(နိုင်ငံသား) | ၄,၁၂၉,၂၅၈,၄၅၉ | ၆,၆၁၃,၈၇၉,၈၂၅ |
| လစာနှင့်လုပ်ခများ(နိုင်ငံခြားသား) | ၄၃၀,၂၃၂,၄၆၅ | ၁,၁၄၆,၄၇၇,၃၁၅ |
| အချိန်ပိုကြေး | ၁၀၀,၇၆၉,၂၁၈ | ၁၆၇,၃၉၄,၉၄၅ |
| နေအိမ်စရိတ် | ၅၆,၉၃၇,၈၆၇ | ၁၂၃,၅၈၆,၄၂၁ |
| လူမှုဖူလုံရေးထည့်ဝင်ငွေ | ၅၀,၆၃၂,၁၀၀ | ၇၁,၁၈၅,၀၂၇ |
| အခြားဝန်ထမ်းဆက်စပ်စရိတ် | ၅၆၄,၃၂၅,၆၆၄ | ၆၉၃,၄၃၈,၇၀၃ |
| | ၅,၃၃၂,၁၅၅,၇၇၃ | ၈,၈၁၅,၉၆၂,၂၃၆ |

## ၂၂။ စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ်

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| နှစ်ပတ်လည်အစည်းအဝေးအသုံးစရိတ် | - | ၁၄,၃၆၄,၈၆၀ |
| ဒါရိုက်တာများအစည်းအဝေး အခကြေးငွေ | ၄၇,၈၀၀,၀၀၀ | ၈၀,၄၀၀,၀၀၀ |
| လှူဒါန်းငွေနှင့်ဧည့်ခံစရိတ် | ၁၀,၈၂၇,၆၃၃ | ၆၂,၂၀၆,၂၈၄ |
| အာမခံကြေး | ၅၂,၆၈၇,၄၁၅ | ၈၃,၇၀၀,၂၄၂ |
| ကြော်ငြာစရိတ် | ၆၆,၉၅၈,၄၂၀ | ၃၆၅,၁၈၆,၁၃၂ |
| အခြားအသုံးစရိတ် | ၅၁,၅၁၆,၈၇၃ | ၆၃,၀၇၇,၀၁၂ |
| ရုံးအသုံးအဆောင်များ | ၁၄၄,၅၄၆,၄၂၉ | ၂၂၁,၄၁၉,၃၁၂ |
| ကျွမ်းကျင်မှုဝန်ဆောင်ခအသုံးစရိတ် | ၆၄,၆၈၇,၈၀၀ | ၁၆၅,၆၁၇,၂၀၀ |
| အခွန်အခများ | ၃၁,၁၄၆,၅၀၄ | ၅၆,၉၀၁,၇၀၅ |
| မှတ်ပုံတင်နှင့်လိုင်စင် | ၆၁၇,၈၈၀,၆၃၂ | ၉၀၁,၃၂၂,၅၇၁ |
| ငှားခများ | ၁,၀၃၂,၅၅၁,၇၂၈ | ၁,၅၃၄,၀၇၁,၆၅၇ |
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၆၁၈,၁၆၃,၈၃၂ | ၁,၀၆၂,၃၄၅,၃၈၇ |
| သယ်ယူပို့ဆောင်စရိတ်နှင့် ခရီးစရိတ်များ | ၉၀,၅၄၉,၁၆၃ | ၁၇၄,၅၅၇,၅၅၀ |
| ရေခ၊ မီးခများ | ၉၃၆,၃၂၈,၄၂၄ | ၁,၄၉၈,၀၄၈,၃၈၈ |
| ပယ်ဖျက်မှုအသုံးစရိတ် | ၂,၀၁၆,၃၃၇ | ၁၀၂,၂၄၈,၉၄၈ |
| ပုံသေပိုင်ပစ္စည်း ထုခွဲရောင်းချမှုမှအရှုံး/(အမြတ်) | (၅၄,၆၃၀,၃၁၂) | (၁၇၂,၉၄၁,၃၂၈) |
| | ၃,၇၁၃,၀၃၀,၈၇၈ | ၆,၂၁၂,၅၂၅,၉၂၁ |

## ၂၃။ ဝင်ငွေခွန်စရိတ်

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ယခုနှစ်အတွက် ဝင်ငွေခွန် လျာထားမှု | - | (၇၄၄,၆၈၅,၁၁၈) |
| အခြေပစ္စည်းရောင်းချခြင်းမှအမြတ်အပေါ်အခွန် | ၅,၄၆၃,၀၃၁ | ၁၇,၂၄၇,၃၇၇ |
| | ၅,၄၆၃,၀၃၁ | (၇၂၇,၄၃၇,၇၄၁) |

## ၂၄။ အစုရှယ်ယာတစ်စု၏ ဝင်ငွေ

အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေနှင့် လျော့နည်းဖွယ်ရှိသော အစုရှယ်ယာတစ်စု၏ဝင်ငွေ

| | ၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ<br>မြန်မာကျပ် | ၂၀၂၂-၂၀၂၃<br>မြန်မာကျပ် |
|---|---|---|
| ဘဏ္ဍာရေးကာလအတွင်း ဘဏ်၏အစုရှင်များသို့ ခွဲဝေပေးနိုင်သော အသားတင် အမြတ်/(အရှုံး)(ကျပ်) | (၆၈၁,၂၄၀,၈၄၆) | ၁,၄၅၁,၆၂၇,၄၇၂ |
| ကာလအတွင်း ပျမ်းမျှသာမာန်အစုရှယ်ယာ အရေအတွက် | ၁၀,၄၀၀,၉၈၆ | ၁၀,၄၀၀,၉၈၆ |
| လျော့နည်းဖွယ်ရှိသောအကျိုးသက်ရောက်မှု | - | - |
| ညှိနှိုင်းပြီးပျမ်းမျှသာမာန်အစုရှယ်ယာ အရေအတွက် | ၁၀,၄၀၀,၉၈၆ | ၁၀,၄၀၀,၉၈၆ |
| | - | ၁၄၀ |

## ၂၅။ ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများ၏ လက်ကျန်စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ

ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများတွင် အရေးပါသော စီမံခန့်ခွဲသူများ၊ ဆက်စပ်နေသော အဖွဲ့အစည်းများ ပါဝင်ပါသည်။ အရေးပါသော စီမံခန့်ခွဲသူများမှာ ဘဏ်၏ဒါရိုက်တာများ၊ ဘဏ်တွင် ခန့်အပ်ထားသော Management Exceutive Committee ဝင်များနှင့် ဘဏ်အရာထမ်းများ ပါဝင်ပါသည်။ ဘဏ်သည်၎င်း၏ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်းများနှင့် အောက်ပါလုပ်ဆောင်ချက်များ ပြုလုပ်ခဲ့ပါသည်။

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်<br>မြန်မာကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်<br>မြန်မာကျပ် |
|---|---|---|
| (က)အရောင်းအဝယ်လုပ်ဆောင်ချက်များ | | |
| ပတ်သက်ဆက်နွယ်သူများနှင့်စာချုပ်များအရ အရှုံးအမြတ်စာရင်းတွင် စရိတ်အဖြစ် ကျခံထားသည့် ငှားရမ်းခစရိတ် | ၃၂၇,၄၂၆,၈၉၃ | ၄၇၄,၄၀၈,၂၂၇ |
| (ခ) လက်ကျန်စာရင်း | | |
| -ပတ်သက်ဆက်နွယ်သူများထံမှ အပ်ငွေများ | ၁၀၉,၂၉၅,၇၇၆,၃၂၄ | ၇၇,၈၄၈,၆၁၁,၅၀၀ |
| -ပတ်သက်ဆက်နွယ်သူများ၏ ချေးငွေများ | ၂၀,၇၆၅,၄၁၇,၀၂၃ | ၃၀,၃၆၉,၇၇၁,၉၈၆ |
| -ပတ်သက်ဆက်နွယ်သူများသို့ ကြိုတင်ပေးငှားရမ်းခ | ၂၅၃,၂၁၃,၃၉၃ | ၃၇၈,၂၇၃,၆၄၂ |
| (ဂ) အရေးပါသော စီမံခန့်ခွဲသူများ၏ အကျိုးခံစားခွင့် | | |
| -လစာနှင့် စရိတ် | ၇၇၃,၄၉၅,၇၁၅ | ၁,၅၂၇,၃၄၆,၂၈၁ |
| -ဒါရိုက်တာများအစည်းအဝေး အခကြေးငွေ | ၄၇,၈၀၀,၀၀၀ | ၈၀,၄၀၀,၀၀၀ |

၂၆။ အာမခံများ နှင့် ကတိကဝတ်များ

(က) ဘဏ် အာမခံများ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| မြန်မာကျပ်ဖြင့် အာမခံထားခြင်း | ၁၈,၃၁၉,၀၃၃,၈၅၀ | ၁၀,၈၆၁,၈၆၄,၃၇၂ |
| နိုင်ငံခြားငွေဖြင့် အာမခံထားခြင်း | ၆၃,၇၈၃,၉၉၀ | ၆၃,၇၈၃,၉၉၀ |
| | ၁၈,၃၈၂,၈၁၇,၈၄၀ | ၁၀,၉၂၅,၆၄၈,၃၆၂ |

အာမခံခြင်း (Guarantees) များသည် ဖြစ်ရပ်တစ်ခုကြောင့် ဖော်ပြထားသော ရပိုင်ခွင့် နှင့် ပေးရန်တာဝန်များ ပြောင်းလဲခြင်းအတွက် ဘဏ်မှလိုအပ်သော ပေးချေမှုပြုလုပ်ရန်အတွက် ချုပ်ဆိုထားသော စာချုပ်များ ကိုဆိုလိုပါသည်။ Guarantee များအားအထွေထွေ လယ်ဂျာတွင် contra ပုံစံဖြင့်စာရင်းသွင်းပြီး ဘဏ္ဍာနှစ် ကုန်ဆုံးသောနေ့တွင် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသော စာချုပ်များဖြစ်သည်။

(ခ) ကတိကဝတ်များ

| | ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ထုတ်ယူခြင်းမရှိသေးသော စာရင်းပိုထုတ်ချေးငွေ | ၂၂,၈၂၀,၈၄၀,၂၂၂ | ၁၀,၀၀၇,၀၅၆,၄၉၄ |
| ငှားရမ်းခ | ၆,၃၀၈,၃၁၀,၁၀၀ | ၅,၉၄၃,၆၂၆,၅၀၂ |
| | ၂၉,၁၂၉,၁၅၀,၃၂၂ | ၁၅,၉၅၀,၆၈၂,၉၉၆ |

၂၇။ Acceptance, Endorsement and Guarantee

Acceptance, Endorsement and Guarantee ၏ ရရန်၊ ပေးရန်များအား ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် ခုနှိမ်၍ ဖော်ပြထားပါသည်။

၂၈။ Covid-19 ကပ်ရောဂါနှင့် လက်ရှိနိုင်ငံရေး အခြေအနေများ၏ အကျိုးသက်ရောက်မှု

Covid-19 ကပ်ရောဂါနှင့် လက်ရှိနိုင်ငံရေး အခြေအနေများသည် ဘဏ်၏ ငွေသားစီးဆင်းမှုနှင့် အမြတ်(အရှုံး)ကို အနည်းနှင့်အများအကျိုးသက်ရောက်မှုရှိသော်လည်း ဘဏ်အနေဖြင့် ကြိုတင်မှန်းဆနိုင်သော အနာဂတ်ကာလ အတွင်း ဆက်လက်ရပ်တည်နိုင်မည်ဟု ဘဏ်၏စီမံခန့်ခွဲသူများက ယုံကြည်ကျေနပ်ကြပြီး Going Concernအဖြစ် ဆက်လက်ရပ်တည်ရှိနိုင်မှုအပေါ် များစွာအကျိုးသက်ရောက်မှုရှိစေမည့် ဖြစ်ရပ်များ၊ အစီအစဉ် သို့မဟုတ် ရည်ရွယ်ချက်များကို သတိမပြုမိပါ။

၂၉။ နှိုင်းယှဥ်ထားသောဘဏ္ဍာရေးရှင်းတမ်း

ယခင်ဘဏ္ဍာရေးနှစ်၏ အချို့သော နှိုင်းယှဉ်ကိန်းဂဏန်းများကို လက်ရှိနှစ်တင်ပြချက်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပါသည်။ နှိုင်းယှဉ်ထားသည့်ကိန်းဂဏန်းများသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ စာရင်းကာလအတွက်ဖြစ်ပြီး နှိုင်းယှဉ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များသည် နှိုင်းယှဉ်နိုင်ဖွယ်မရှိပါ။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၃ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

နောက်ဆက်တွဲ - ၁

ပုံသေပိုင်ပစ္စည်းစာရင်း

| | မြေ/အဆောက်အဦး | အငှါးအဆောက်အဦးအား ပြင်ဆင်မှု | မော်တော်ယာဉ် | ရုံးသုံးပရိဘောဂ | စက်ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| **မူလတန်ဖိုး** | | | | | | |
| ၁-၄-၂၀၂၃ နေ့ရှိစာရင်းဖွင့်လက်ကျန် | ၁၂,၅၈၄,၆၈၂,၃၆၉ | ၃,၉၁၅,၀၈၁,၉၆၄ | ၁,၁၅၉,၃၉၂,၆၇၃ | ၆,၉၂၁,၇၂၃,၂၇၇ | ၁,၀၆၀,၇၁၀,၅၀၆ | ၂၅,၆၄၁,၅၉၀,၇၈၉ |
| နှစ်အတွင်းဝယ်ယူခြင်း | ၁၅,၄၅၃,၉၀၀ | ၆၄၂,၂၈၂,၁၉၈ | - | ၅၇၆,၆၂၉,၆၉၉ | ၇၂,၈၄၃,၄၅၀ | ၁,၃၀၇,၂၀၉,၂၄၇ |
| နှစ်အတွင်းရောင်းချခြင်း | - | - | (၃၂,၀၀၇,၀၀၀) | - | - | (၃၂,၀၀၇,၀၀၀) |
| စာရင်းပယ်ဖျက်ခြင်း | - | - | (၁၂၀,၀၀၀) | (၁၈,၉၄၉,၇၀၀) | - | (၁၉,၀၆၉,၇၀၀) |
| နှစ်အတွင်းညှိနှိုင်းခြင်း | - | - | - | (၁,၉၀၄,၄၃၆) | - | (၁,၉၀၄,၄၃၆) |
| ၃၀-၉-၂၀၂၃ နေ့ရှိလက်ကျန် | ၁၂,၆၀၀,၁၃၆,၂၆၉ | ၄,၅၅၇,၃၆၄,၁၆၂ | ၁,၁၂၇,၂၆၅,၆၇၃ | ၇,၄၇၇,၄၉၈,၈၄၁ | ၁,၁၃၃,၅၅၃,၉၅၆ | ၂၆,၈၉၅,၈၁၈,၉၀၁ |
| **စုစုပေါင်းတန်ဖိုးလျော့** | | | | | | |
| ၁-၄-၂၀၂၃ နေ့ရှိစာရင်းဖွင့်တန်ဖိုးလျော့ | ၉၇၀,၈၄၅,၀၃၈ | ၁,၅၈၆,၉၀၀,၃၃၆ | ၉၆၉,၁၀၂,၃၅၀ | ၄,၃၃၉,၈၈၅,၂၅၉ | ၃၁၈,၉၇၀,၀၂၃ | ၈,၁၈၅,၇၀၃,၀၀၆ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၇၃,၄၆၉,၃၂၀ | ၂၁၈,၂၅၉,၁၀၃ | ၄၂,၇၁၄,၂၀၄ | ၄၂၅,၃၆၅,၁၂၄ | ၃၄,၂၂၄,၅၀၀ | ၇၉၄,၀၃၂,၂၅၀ |
| နှစ်အတွင်းရောင်းချခြင်း | - | - | (၂၆,၆၃၇,၃၁၂) | - | - | (၂၆,၆၃၇,၃၁၂) |
| စာရင်းပယ်ဖျက်ခြင်း | - | - | (၁၁၁,၂၅၀) | (၁၇,၀၉၀,၃၂၂) | - | (၁၇,၂၀၁,၅၇၂) |
| နှစ်အတွင်းညှိနှိုင်းခြင်း | - | - | ၃၄,၁၀၀ | (၁,၃၅၁,၈၀၆) | - | (၁,၃၁၇,၇၀၆) |
| ၃၀-၉-၂၀၂၃ နေ့ရှိ စုစုပေါင်းတန်ဖိုးလျော့ | ၁,၀၄၄,၃၁၄,၃၅၉ | ၁,၈၀၅,၁၅၉,၄၃၉ | ၉၈၅,၁၀၂,၀၉၁ | ၄,၇၄၆,၈၀၈,၂၅၅ | ၃၅၃,၁၉၄,၅၂၃ | ၈,၉၃၄,၅၇၈,၆၆၇ |
| ၃၀-၉-၂၀၂၃ နေ့ရှိအသားတင်တန်ဖိုး | ၁၁,၅၅၅,၈၂၁,၉၁၀ | ၂,၇၅၂,၂၀၄,၇၂၄ | ၁၄၂,၁၆၃,၅၈၂ | ၂,၇၃၀,၆၉၀,၅၈၆ | ၇၈၀,၃၅၉,၄၃၃ | ၁၇,၉၆၁,၂၄၀,၂၃၄ |
| ၃၁-၃-၂၀၂၃ နေ့ရှိအသားတင်တန်ဖိုး | ၁၁,၆၁၃,၈၃၇,၃၃၁ | ၂,၃၂၈,၁၈၁,၆၂၈ | ၁၉၀,၂၉၀,၃၂၃ | ၂,၅၈၁,၈၃၈,၀၁၈ | ၇၄၁,၇၄၀,၄၈၂ | ၁၇,၄၅၅,၈၈၇,၇၈၃ |

အထက်ဖော်ပြပါ ပုံသေပိုင်ပစ္စည်းများသည် ပုံသေပိုင်ပစ္စည်းမှတ်တမ်းစာအုပ်နှင့် ကိုက်ညီပြီး ဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် ဝယ်ယူသော ပုံသေပိုင်ပစ္စည်းများ အားလုံးပါဝင်ကြောင်း မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် က ပိုင်ဆိုင်ပြီး ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် အားလုံးတည်ရှိကြောင်း သက်သေခံပါသည်။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၁၃ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

နောက်ဆက်တွဲ - ၂

ပုံသေပိုင်ပစ္စည်းစာရင်း

| | မြေ/အဆောက်အဦး | အငှါးအဆောက်အဦးအတွင်းပြင်ဆင်မှု | မော်တော်ယာဉ် | ရုံးသုံးပရိဘောဂ | စက်ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| **မူလတန်ဖိုး** | | | | | | |
| ၁-၄-၂၀၁၂ နေ့ရှိစာရင်းဖွင့်လက်ကျန် | ၁၂,၄၉၈,၅၁၂,၆၇၁ | ၂,၉၅၅,၁၃၉,၇၀၂ | ၁,၂၁၁,၅၃၈,၆၈၆ | ၅,၈၇၇,၅၆၀,၄၁၇ | ၁,၂၁၇,၉၇၉,၂၅၀ | ၂၃,၇၆၀,၇၃၀,၇၂၆ |
| နှစ်အတွင်းဝယ်ယူခြင်း | ၉၃,၅၉၀,၄၅၀ | ၁,၁၈၀,၂၃၆,၆၇၈ | ၄၈,၅၀၀,၀၀၀ | ၈၁၀,၅၈၅,၀၅၁ | ၉၄,၁၂၀,၀၀၀ | ၂,၂၂၇,၀၃၂,၁၇၉ |
| နှစ်အတွင်းရောင်းချခြင်း | - | - | (၁၀၀,၆၄၆,၀၁၃) | (၁,၂၃၉,၄၃၆) | - | (၁၀၁,၈၈၅,၄၄၉) |
| စာရင်းပယ်ဖျက်ခြင်း | (၇,၄၂၀,၇၅၂) | (၇၁,၀၂၅,၆၉၆) | - | (၁၄,၂၂၃,၀၀၂) | - | (၉၂,၆၆၉,၄၅၀) |
| စာရင်းညှိနှိုင်းခြင်း | - | (၁၄၉,၂၆၈,၇၁၉) | - | ၂၄၉,၀၄၀,၂၄၆ | (၂၅၁,၃၈၈,၇၄၄) | (၁၅၁,၆၁၇,၂၁၇) |
| ၃၀-၉-၂၀၁၃ နေ့ရှိလက်ကျန် | ၁၂,၅၈၄,၆၈၂,၃၆၉ | ၃,၉၁၅,၀၈၁,၉၆၄ | ၁,၁၅၉,၃၉၂,၆၇၃ | ၆,၉၂၁,၇၂၃,၂၇၇ | ၁,၀၆၀,၇၁၀,၅၀၆ | ၂၅,၆၄၁,၅၉၀,၇၈၉ |
| **စုစုပေါင်းတန်ဖိုးလျော့** | | | | | | |
| ၁-၄-၂၀၁၂ နေ့ရှိစာရင်းဖွင့်လက်ကျန် | ၈၂၄,၃၄၂,၀၂၃ | ၁,၄၄၅,၂၄၄,၉၉၆ | ၉၆၆,၆၁၇,၈၀၄ | ၃,၄၉၆,၆၉၈,၁၇၇ | ၃၁၁,၀၃၃,၀၁၀ | ၇,၀၄၃,၉၂၆,၀၀၉ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၁၄၆,၉၁၂,၇၀၄ | ၃၃၉,၉၅၄,၈၄၂ | ၉၅,၅၇၁,၈၈၇ | ၇၉၇,၈၇၅,၁၀၄ | ၆၁,၅၄၁,၁၇၉ | ၁,၄၄၁,၈၅၅,၇၁၆ |
| နှစ်အတွင်းရောင်းချခြင်း | - | - | (၉၃,၀၈၇,၃၄၁) | (၈၆၇,၆၀၅) | - | (၉၃,၉၅၄,၉၄၆) |
| စာရင်းပယ်ဖျက်ခြင်း | (၄၀၉,၆၈၈) | (၄၉,၀၂၀,၇၈၃) | - | (၅,၀၇၆,၀၈၃) | - | (၅၄,၅၀၆,၅၅၄) |
| စာရင်းညှိနှိုင်းခြင်း | - | (၁၄၉,၂၆၈,၇၁၉) | - | ၅၁,၂၅၅,၆၆၅ | (၅၃,၆၀၄,၁၆၅) | (၁၅၁,၆၁၇,၂၁၉) |
| ၃၀-၉-၂၀၁၃ နေ့ရှိလက်ကျန် | ၉၇၀,၈၄၅,၀၃၈ | ၁,၅၈၆,၉၀၀,၃၃၆ | ၉၆၉,၁၀၂,၃၅၀ | ၄,၃၃၉,၈၈၅,၂၅၈ | ၃၁၈,၉၇၀,၀၂၄ | ၈,၁၈၅,၇၀၃,၀၀၆ |
| ၃၀-၉-၂၀၁၃ နေ့ရှိအသားတင်တန်ဖိုး | ၁၁,၆၁၃,၈၃၇,၃၃၁ | ၂,၃၂၈,၁၈၁,၆၂၈ | ၁၉၀,၂၉၀,၃၂၃ | ၂,၅၈၁,၈၃၈,၀၁၈ | ၇၄၁,၇၄၀,၄၈၂ | ၁၇,၄၅၅,၈၈၇,၇၈၃ |
| ၃၀-၉-၂၀၁၂ နေ့ရှိအသားတင်တန်ဖိုး | ၁၁,၆၇၄,၁၇၀,၆၄၉ | ၁,၅၀၉,၉၀၄,၇၀၆ | ၂၄၄,၉၂၀,၈၈၂ | ၂,၃၈၀,၈၆၂,၂၄၁ | ၉၀၆,၉၄၆,၂၄၀ | ၁၆,၇၁၆,၈၀၄,၇၁၇ |